ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ (20-3-2008) (၅၆၂၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ကျင်းပပြီးစီး

ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို ကိုယ်စားလှယ်ဆရာတော်များက မှတ်တမ်းတင်လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၁၉

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပခဲ့ပြီး တတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပကာ ညနေပိုင်းတွင် အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ပြည်နယ်နှင့်တိုင်းများကိုယ်စားပြု ကိုယ်စားလှယ်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်နယ်နှင့်တိုင်းများမှ သာသနာရေးဦးစီးဌာနမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၏ သြဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူကြမည့် ဆရာတော်ကြီးများအား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ရွေးချယ်တင်မြှောက်ကြသည်။

အစည်းအဝေး ပထမနေ့ဖြစ်သည့် မတ် ၁၇ ရက်တွင် သဘာပတိအဖြစ် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror — အတ္တအကျိုးစီးပွားက ပိုပြီးရှေ့တန်းရောက်နေခဲ့လို့ တိုင်းပြည်မှာ ခါးသီးတဲ့အတွေ့အကြုံတွေ အများကြီးရခဲ့

“ပါတီတွေကွဲပြီး မဲတွေ တစုတစည်းတည်းမရှိဘဲ ပြန့်ကျဲနေတဲ့အခါကျတော့လည်း ကိုယ့်ဘက်သူ့ဘက် မဲအသာရဖို့ တစ်သီးပုဂ္ဂလနဲ့ ပါတီငယ်တွေကို အလိုလိုက်အကြိုက်ဆောင်ပြီး လုပ်ပေးခဲ့ရတာတွေလည်းတွေ့ခဲ့ဖူးပြီ။ ခြုံပြောရရင်တော့ ဒီလိုအာဏာကိစ္စတွေကြောင့် အမျိုးသားအကျိုးစီးပွားထက် ကိုယ့်ပါတီအနိုင်ရရေးကို ဦးစားပေးတဲ့ အတ္တအကျိုးစီးပွားက ပိုပြီးရှေ့တန်းရောက်နေခဲ့လို့ တိုင်းပြည်မှာ ခါးသီးတဲ့အတွေ့အကြုံတွေ အများကြီးရခဲ့ပြီလေ။”

စည်သူအောင်၏ **“ပစ်တိုင်းထောင်နိုင်ဖို့အတွက်ပါ”** (ဆောင်းပါး) စာမျက်နှာ-၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၀-၃-၂၀၀၈
(ကြာသပတေးနေ့)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလေးထား ရှားပါးတောရိုင်းတိရစ္ဆာန်များ ဝိုင်းဝန်းထိန်းသိမ်း

ကမ္ဘာပေါ်တွင် ပိုးမွှားအပါအဝင် သားငှက်တိရစ္ဆာန် မျိုးစိတ်ပေါင်း တစ်သန်းကျော်ရှိသည်။ မြန်မာနိုင်ငံသည် အာရှတိုက်ရှိ ဇီဝမျိုးစုံ မျိုးကွဲအကြွယ်ဝဆုံးနိုင်ငံများတွင် ပါဝင်သည်။ ကမ္ဘာတစ်ဝန်း မျိုးသုဉ်းပျောက်ကွယ်ရန် အလားအလာရှိသည့် ဇီဝမျိုးစိတ် ၁၄၄ မျိုးအနက် ကိုးမျိုးမှာ မြန်မာနိုင်ငံတွင်သာ တွေ့ရှိနိုင်တော့ကြောင်း သိရသည်။

အဆိုပါ မျိုးစိတ်ကိုးမျိုးတွင်ပါဝင်သည့် ရွှေသမင်များကို စစ်ကိုင်းတိုင်း ချပ်သင်းဘောမဲ့တောအတွင်း ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည်။ အရှေ့တောင်အာရှတွင် ရွှေသမင်မျိုးကွဲ သုံးမျိုးတွေ့ရှိခဲ့ကြသော်လည်း ယခုအခါ မြန်မာ့ ရွှေသမင်တစ်မျိုးတည်းသာ ကျန်ရှိတော့သည်။

ထို့အပြင် ကမ္ဘာတစ်ဝန်း၌ ကျားကောင်ရေလျော့နည်းကျဆင်းလာပြီး ကျားမျိုးများ ကျန်ရှိနေသည့် နိုင်ငံ ၁၃ နိုင်ငံသာရှိတော့ရာ ကျားမျိုးသုဉ်းမှု အန္တရာယ်ကာကွယ်ရေး ဝိုင်းဝန်းဆောင်ရွက်နေကြသည်။ ယခုအခါ အာရှတိုက်တစ်ဝန်း မြန်မာနိုင်ငံအပါအဝင် အာရှရှစ်နိုင်ငံ ပူးပေါင်း၍ မိုင် ၅၀၀၀ ကျော်ရှည်သည့် ကျားမျိုးထိန်းသိမ်းရေး စင်္ကြံ ထူထောင်ရန် ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံ ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ သစ်တောနှင့် ရေမြေအနေအထားသည် အရှေ့တောင်အာရှတွင် ကျားများရှင်သန်ရပ်တည်ရန် အကောင်းဆုံးဒေသဖြစ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကျားကောင်ရေ တစ်ရာခန့်သာ ကျန်ရှိနေပြီး ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် သစ်တောဦးစီးဌာနနှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(WCS)တို့ ပူးပေါင်း၍ ကျားထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သားငှက်တိရစ္ဆာန်၊ အပင်နှင့် ငါးများ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ သဘာဝသစ်တောများကို တောင်ယာခုတ်၍ စိုက်ခင်းများ ပြုလုပ်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်းတို့သည် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးကို ထိခိုက်စေသဖြင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

ရေမြေသဘာဝ သယံဇာတအရင်းအမြစ်ပစ္စည်းများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံသားတိုင်းနှင့် ဆက်စပ်သက်ဆိုင်လျက်ရှိရာ စည်းကမ်းမဲ့ သစ်ခုတ်ခြင်း၊ အမဲလိုက်ခြင်း၊ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားခြင်းတို့ကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပြီး ရှားပါးသားငှက်နှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆) ရပ်ကွက်ရှိ မေတ္တာဝါဒီ ဟင်္သာတ (ပရဟိတ) ကိုးထပ်ကျောင်းဆောင်ပေါ်တွင် တည်ထားကိုးကွယ်သော မေတ္တာသစ္စာမိဋ္ဌာန်အောင်စေတီ စိန်ဖူးတော်အတွက် အလှူငွေကျပ် ခြောက်သိန်းနှင့်ညီမျှသော ရွှေထည်များကို မတ် ၁၄ ရက်တွင် စပယ်(၂)လမ်း (၃) ရပ်ကွက် ကမာရွတ်မြို့နယ်နေ ဦးအေးမြင့်-ဒေါ်သန်းနွဲ့ မိသားစုတို့က ဦးစီးနာယကဆရာတော် ဘဒ္ဒန္တသီလာနန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒိုက်ဦး-မော်လမြိုင်-ရေး ရထားလမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ မတ် ၁၅ ရက်တွင် ဒိုက်ဦး-မော်လမြိုင်-ရေး ရထားလမ်းတစ်လျှောက် လမ်းနှင့်တံတားများကြံ့ခိုင်မှု ဆောင်ရွက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ နဂါးပေါက်ချောင်းကို ဖြတ်သန်းတည်ဆောက်ထားသော ရထားနှင့်ကားကူး နဂါးပေါက်ချောင်းတံတားကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဝကိုင်းသားတာအနီးရှိ မြေသားတာပေါင် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်မှု၊ စစ်တောင်းတူးမြောင်း ရထားကူးတံတားကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု၊ ဆတ်သွားကုန်းဘူတာအနီးရှိ ဆတ်သွားကုန်းရထားကူးတံတားအသစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း မော်လမြိုင်နှင့် ရေးမြို့အကြား ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထားပို့ဆောင်ရေး)

ထို့နောက် ဝန်ကြီးသည် ဆတ်သွားကုန်းဘူတာနှင့် မော်လမြိုင်ဘူတာအကြား ရထားလမ်းတစ်လျှောက် ကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်ဘူတာ ယာဒ်ဝင်းအတွင်း ခရီးသည်နားနေဆောင်များ၊ ဘူတာလုံခြုံရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မတ် ၁၆ ရက်တွင် မော်လမြိုင်မြို့နှင့် ရေးမြို့အကြားရှိ ရထားလမ်းနှင့် တံတားများကြံ့ခိုင်ရေးနှင့် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ပနေ့နှင့် ကရပ်ပွဲအကြားရှိ ကရပ်ပွဲရထားချောင်းကူး တံတားကြံ့ခိုင်ရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ ကရပ်ပွဲနှင့် ထင်းရှူးအကြား မိုင်တိုင် (၂၂၈)၌ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံးများ အစားထိုးလဲလှယ်နေခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အနင်းဘူတာနှင့် နှစ်ကရင်ဘူတာအကြား မိုင်တိုင် (၂၃၈)၌ ယခင်အသုံးပြုနေသော ပေါင် (၆၀) သံလမ်းများအစား ခံနိုင်ဝန်ပိုမိုအားကောင်းသည့် (၇၅) ပေါင် သံလမ်းများဖြင့် အစားထိုးလဲလှယ်နေခြင်းကိုလည်းကောင်း၊ ရေးချောင်းကူး တံတားကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရေးဘူတာယာဒ်ဝင်း သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းသည် မတ် ၁၇ ရက် နံနက်ပိုင်းတွင် မုတ္တမမြို့ ကြိုတင်အားဖြည့်ကွန်ကရစ် ဇလီဖားတုံးစက်ရုံ (မုတ္တမ)သို့ ရောက်ရှိပြီး ဝန်ကြီးက ကွန်ကရစ်ဇလီဖားစက်ရုံ စမ်းသပ်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များကိုမှာကြားပြီး စက်ရုံဝင်းအတွင်းရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံး ပုံသွင်းပုံလောင်းစက်ရုံ၊ ရေအေးစိမ်ကန်များနှင့် အလုပ်ရုံများအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် မြရတနာလမ်း အမှတ်-၂ ရပ်ကွက်နေ ဗိုလ်မှူးကြီးမြင့်ဝေ(ငြိမ်း)-ဒေါ်ခင်မြင့်မြင့်တို့၏ (၄၃)နှစ်မြောက် မင်္ဂလာနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ ဓမ္မဗိမာန်ဘုန်းတော်ကြီးကျောင်း (လေးထပ်ကျောင်း)တွင် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့က ကြီးမှူးတူးဖော်သည့် အဝီစိရေတွင်းအတွက် စမ်းချောင်းမြို့နယ် အင်္ဂပူလမ်းနေ ဦးခင်သိုက်-ဒေါ်တင်တင်ဥ၊ သမီး မအေးမြတ်သူ၊ မစုဟေမာမြတ်၊ သားမောင်မြတ်ကိုကိုမိသားစုက အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ အဖွဲ့နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်တို့ လက်ခံယူစဉ်။ (က-ပ)

ဓမ္မဂုဏ်ရောင်ဆရာတော်တရားပွဲ

ရန်ကုန် မတ် ၁၉

မင်္ဂလာဒုံမြို့နယ် ကာယရပ်ကွက် ဓမ္မဂုဏ်ရောင်ရိပ်သာစာသင်တိုက် ဦးစီးပဓာနနာယက မဟာစည်အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဆရာတော် အရှင်တေဇိန္ဒ (M.A-ဗာရာဏသီ- BHU) Dip in B.Dh, Dip in English (SIBA) သာသနဓဇ ဓမ္မာစရိယ၊ သာသနပါလ ဓမ္မာစရိယသည် မတ် ၂၅ ရက် နံနက်၉ နာရီတွင် ဓမ္မဂုဏ်ရောင်ရိပ်သာ စာသင်တိုက်အတွင်း၌ ကွယ်လွန်သူဦးကျော်မြင့် (၉)နှစ်ပြည့်အား ရည်စူး၍ ဒေါ်စောရှင် မိသားစု ဗဟန်းမြို့နယ်တို့ လှူဒါန်းအပ်သော သဒ္ဓါဂုဏ်ရောင် ဆွမ်းစားကျောင်းဆောင် ရေစက်ချ အလှူမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ မတ် ၂၆ ရက်နှင့် ၂၇ ရက် ည ၇ နာရီတွင် မော်လမြိုင်မြို့ ဖက်တန်းရပ် (၁၁)ကြိမ်မြောက် မျက်တန်းလမ်း ဓမ္မသဘင်၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရှိရသည်။

(က-ပ)

သီလရှင်အပါး(၁၀၀)ဝတ်ပွဲနှင့် တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၁၉

သန်လျင်မြို့ အောင်ချမ်းသာ ၁ ရပ်ကွက် ခေမာရာမသီလရှင်တိုက်၌ ဧပြီ ၁၁ ရက်တွင် ဒုလ္လဘအပါး (၁၀၀) သီလရှင်ဝတ်ပွဲနှင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း စမ်းချောင်းမြို့နယ် ဂန္ဓာရုံကျောင်း ဥယျာဉ်တိုက် နယ်လှည့်တရားပြ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသီရိန္ဒအရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ သီလရှင်ဝတ်လိုသူများနှင့် တရားစခန်းဝင်ရောက်ကြမည့် ယောဂီများအနေဖြင့် ခေမာရာမသီလရှင်စာသင်တိုက် ဖုန်း-၀၅၆-၂၂၀၃၁ သို့ ဧပြီ ၉ ရက်နောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

စိတ်အမိုးလုံက ကောင်းကျိုးသုခ ရ၏

အမိုးလုံသော အိမ်တွင်းသို့ မိုးရေမိုးပေါက် ဖောက်မဝင်နိုင်သကဲ့သို့ ကုသိုလ်တရား ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းသောသူ၏ စိတ်ထဲသို့ ကိလေသာ ရာဂ ထိုးဖောက်မဝင်ရောက်နိုင်သဖြင့် ကောင်းကျိုးသုခ ခံစားကြရပေမည်။

(ဓမ္မပဒ ၁၄)



သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

ယခုကပင်ကြိုတင်၍ သာသနာ့ဘေးရန်အန္တရာယ်များကို ပယ်ရှားတားမြစ် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားအောင် အားသွန်ခွန်စိုက်ဆောင်ရွက်

ရန်ကုန် မတ် ၁၉

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ မတ် ၁၇ ရက်တွင် သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ သမ္မောဒနီယ သာရဏီယဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်နယ်/တိုင်းအသီးသီးတို့မှ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ဖြင့် ကြွရောက်တော်မူလာကြသော သာသနာ့ဦးသျှောင်ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

"မမ သီသာဗာခံ မမ ဥဒရာဗာဓန္တိ ကိဉ္စိ ရောဂံ အနပဒိသိတွာ" ဟူသော သာသနာ့အာဇာနည် မဟာထေရ်အရှင်မြတ်တို့၏ ခံယူချက်အတိုင်း ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကို ရှုငဲ့တော်မမူကြဘဲ "သမဏကိစ္စတော အညကိစ္စာနိ အဇ္ဈုပေက္ခိတွာ ပိဋ္ဌိ ကတွာ" ဟူသော သာသနာ့အာဇာနည် မဟာထေရ်တို့၏ ကျင့်ထုံးကို နှလုံးမူလျက် ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို လျစ်လျူရှုကာ သာသနာတော်အရေးကိစ္စကိုသာ အလေးဂရုပြု၍ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်မြတ်တို့၏ သာသနာ့စိတ်ဓာတ်ကို လေးမြတ်ကြည်ညိုလျက် သာသနာတော်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား–

သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီ၊ စာဂ၊စရိယတို့ကို ပြည့်ဝအောင် ဖြည့်ကျင့်ဆည်းပူးတော်မူ၍ ရရှိတော်မူခဲ့သော သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအများ၏ အကျိုးစီးပွားအလို့ငှာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့ပါသည်ဘုရား။

ထိုတည်ထောင်အပ်ပြီးသော သာသနာတော်မြတ်ကြီးကို အဓွန့်ရှည်ကြာစွာ တည်တံ့အောင် လက်ဆင့်ကမ်း **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

❀ ရှေ့ဖုံးမှ

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ယခုတစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ကြသည်။

ထို့နောက် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဒွိပိဋကဓရအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိမလက တင်သွင်း၍ အစည်းအဝေး၏အတည်ပြုချက်ကို ရယူတော်မူသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩသဓာဘိဝံသက တင်သွင်းလျှောက်ထားတော်မူပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အဖွဲ့ ဆရာတော်များအား ကျေးဇူးရှင်မိဘနှစ်ပါးဖြစ်ကြသော (ဦးသိန်းမောင်)–ဒေါ်ပါးပါးတို့အား အမှူးထား၍ စန္ဒီပရဆေးမိသားစုက သုံးထပ်ဆွမ်းစားဆောင်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး စန္ဒီပရဆေး၊ ထွန်းရွှေဝါ၊ မှန်ချို၊ ကေသီပန်၊ အေးကမ္ဘာ၊ ညွန့်ညွန့်၊ ပြည်လုံးချမ်းသာ၊ ဆရာထွန်းထွန်း(ရွှေခေါင်းပေါင်း)နှင့် ဦးစိုင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတို့ကလည်း ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား တိုင်းရင်းဆေးဝါးများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ဒုတိယနေ့အဖြစ် မတ် ၁၈ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသကဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တင်ပြလာသော အကြံပြုချက်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတ သိရီဘိဝံသနှင့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိမလတို့က ရှင်းလင်းပြန်ကြား လျှောက်ထားတော်မူကြပြီး နံနက်ပိုင်းအစည်းအဝေး အစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်ဆရာတော်

ဆဋ္ဌအကြိမ်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာ ဆရာတော်များက ဖတ်ကြားတင်သွင်းတော်မူကြပြီး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား စေတနာရှင်မိသားစုနှင့် သာကေတမြို့နယ် (၁၀)မြောက်ရပ်ကွက်နေ ဦးအောင်ဒင် မိသားစုတို့က အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို တတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ယနေ့ နံနက် ၈နာရီတွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလဓောတိက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက ဆောင်ရွက်တော်မူသည်။

ယင်းနောက် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တမာနိတ သိရီဘိဝံသက တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များအပေါ် ဝေဖန်ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းလျှောက်ထားပြီး အစည်းအဝေး၏ အတည်ပြုချက်ကို ရယူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး အစည်းအဝေး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ်များကို ဆက်ကပ်သည်။

ဆက်လက်၍ အစည်းအဝေး ပထမနေ့၊ ဒုတိယနေ့နှင့် ယနေ့တို့တွင် ဩဝါဒါစရိယဆရာတော်များအဖြစ် ဆောင်ရွက်တော်မူခဲ့ကြသည့် ဆရာတော်ကြီး ၁၅ ပါး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်၊ သံဃာ့ဂိုဏ်းအသီးသီးနှင့် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်ဆရာတော်များသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုး ရွေးချယ် ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းတင်စာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်က နိဂုံးချုပ် ဥယျောဇနကထာ ဟောကြားတော်မူပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက "ဇယန္တော ဗောဓိယာမူလေ" အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြ၍ သာဓု သုံးကြိမ်ခေါ်ဆိုကာ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

အီရတ်စစ်ပွဲနှင့်စပ်လျဉ်း၍ ဗြိတိန်ဝန်ကြီးချုပ် ဖိအားပေးခံရ

လန်ဒန် မတ် ၁၈

ဗြိတိန် ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းသည် အီရတ်စစ်ပွဲအရေးနှင့် စပ်လျဉ်း၍ အတိုက်အခံပါတီများ၏ ဖိအားပေးမှုကို ထပ်မံရင်ဆိုင်နေရပြီ ဖြစ်သည်။

အတိုက်အခံ ကွန်ဆာဗေးတစ်တို့က အီရတ်စစ်ပွဲစတင်ရသည့် အကြောင်းရင်းများနှင့်စစ်ပွဲဖြစ်ပွားပုံကို ဘုရင်မကြီး၏ အကြံပေးအဖွဲ့မှ စုံစမ်းစစ်ဆေးရန် တောင်းဆိုကြသည်။ လစ်ဘရယ် ဒီမိုကရက်တို့က ဗြိတိသျှတပ်အားလုံးကို အီရတ်မှ အစောဆုံး ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုလျက်ရှိသည်။

ကွန်ဆာဗေးတစ်ပါတီမှ နိုင်ငံခြားရေးဝန်ကြီးအဖြစ် လျာထားခြင်းခံရသူ ဝီလျံဟဒ်က အီရတ်စစ်ပွဲ ငါးနှစ်ပြည့်နှစ်ပတ်လည်အချိန်သည် စုံစမ်းစစ်ဆေးမှု အပြည့်အဝဆောင်ရွက်ရန် အမှန်ကန်ဆုံးအချိန်ဟု တနင်္ဂနွေနေ့တွင်ပြောကြားသည်။လစ်ဘရယ်ဒီမိုကရက်ခေါင်းဆောင်နစ်စလက်က အီရတ်စစ်ပွဲသည် ဆယ်စုနှစ်များစွာအတွင်း ဗြိတိန်နိုင်ငံခြားရေးမူဝါဒ၏ အကြီးမားဆုံး ကျရှုံးမှုဖြစ်ကြောင်း ပြောကြားပြီး ဗြိတိသျှတပ်ဖွဲ့များအားလုံးကို အီရတ်မှ အမြန်ဆုံး ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုသည်။

အတိုက်အခံခေါင်းဆောင်နှစ်ဦးက ဘီဘီစီအစီအစဉ်မှနေ၍ ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အီရတ်စစ်ပွဲကိစ္စကို ကိုင်တွယ်စီစစ်ရာ၌ ဘုရင်မကြီး၏ အကြံပေးအဖွဲ့က စုံစမ်းစစ်ဆေးမှုစတင်ရန် အရေးကြီးကြောင်း၊ ယင်းကိစ္စကို လာမည့်ရက်သတ္တပတ်အတွင်း ပါလီမန်တွင် ထပ်မံတင်ပြမှာဖြစ်ကြောင်း ဝီလျံဟဒ်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၏အကျိုးစီးပွားကိုမကြည့်ဘဲ ဗြိတိသျှတို့၏ အကျိုးစီးပွားအတွက် ဗြိတိသျှတို့၏ နိုင်ငံခြားရေးမူဝါဒကို ပြန်လည်သုံးသပ်ရန် အချိန်တန်ပြီဖြစ်ကြောင်း ပြောကြားပြီး အီရတ်တွင် ကျန်ရှိသေးသော တပ်များအားလုံးကို အစောဆုံး ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နှင်းများထူထပ်စွာကျသဖြင့် အမိုးပြိုကျ ကနေဒါ၌ လေးဦးသေဆုံးရ

အော့တဝါ မတ် ၁၈

ကနေဒါနိုင်ငံ ကွိဘက်ဒေသရှိ အိမ်တစ်အိမ်တွင် မတ်၁၆ရက်က အမိုးပြိုကျသဖြင့် အမျိုးသားတစ်ဦးသေဆုံးသွားရာ မတ်လအတွင်း အလားတူဖြစ်ရပ်မျိုးကြောင့် သေဆုံးရသူဦးရေသည် လေးဦးရှိသွားပြီ ဖြစ်သည်။

နှင်းများ ထူထပ်စွာကျသဖြင့် နှင်းထုအလေးချိန်ကို အိမ်ခေါင်မိုးက မခံနိုင်တော့သဖြင့် ခေါင်မိုး အိမ်အတွင်းသို့ ပြိုကျသွားခြင်းဖြစ်သည်။

အသက်၅၅နှစ်အရွယ်ရှိ သေဆုံးသွားသူသည် အိမ်ခေါင်မိုးမှ အသံကြားသည့်အတွက် ခေါင်မိုးပြိုကျလာမည်ကို မသင်္ကာသောကြောင့် ဇနီးနှင့်ကလေးနှစ်ဦးကိုနှိုး၍ အောက်ထပ်သို့ ဆင်းနိုင်စေရန် အကူအညီပေးခဲ့သည်။ ၎င်းကိုယ်တိုင်မှာမူ ထွက်ပြေးချိန်မရလိုက်သည့်အတွက်ခေါင်မိုးပိပြီး သေဆုံးသွားရသည်။

အခင်းဖြစ်ပွားရာနေရာမှာ မွန်ထရီရယ်မြို့၏ အရှေ့မြောက်အရပ် ရှဝင်နင်ဂါဒေသတွင် ဖြစ်သည်။ သေဆုံးသူ၏အလောင်းကို နောက်ပိုင်းတွင် ကယ်ဆယ်ရေးအဖွဲ့သားများက အပြိုအပျက်များအောက်မှ ရှာဖွေတွေ့ရှိသည်။

မတ် ၁၂ ရက်ကလည်း ကွိဘက်ကုန်လှောင်ရုံ၌ အလားတူ အဖြစ်မျိုးဖြစ်ပွားသွားရာ အမိုးပိမိသဖြင့် အမျိုးသမီးသုံးဦးတို့ သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ညအခါ ဝေဟင်မှ ကောင်းကင်ဓာတ်ပုံရိုက်နိုင်သည့် ဂြိုဟ်တု ဂျာမနီနှင့် ဘရာဇီးတို့ ပူးတွဲထုတ်လုပ်မည်

ရီယိုဒီဂျနေရိုး မတ် ၁၈

ညအခါတွင် ဝေဟင်မှ ကောင်းကင်ဓာတ်ပုံရိုက်ကူးနိုင်သော ဂြိုဟ်တုတစ်လုံးပူးတွဲတည်ဆောက်ရေး စာချုပ်တစ်ရပ်ကို ဘရာဇီးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား၌ မတ် ၁၆ ရက်က ချုပ်ဆိုခဲ့ကြသည်။

ထိုဂြိုဟ်တုသည် အမေဇုန်သစ်တောဒေသကို စောင့်ကြည့်လေ့လာရာ၌ အသုံးပြုမည်ဖြစ်သည်။ ဘရာဇီးနိုင်ငံ အမျိုးသားအာကာသ သုတေသနဌာနသည် ဘက်စုံသုံး ရေဒါစနစ်ပါရှိသော ဂြိုဟ်တုကို ဂျာမန်အာကာသ ဗဟိုဌာနနှင့် ပူးတွဲ၍ ၁၈ လအချိန်အတွင်း ထုတ်လုပ်သွားရန် စီစဉ်ထားသည်။

ယခုဂြိုဟ်တု တည်ဆောက်ရေး သဘောတူညီချက်သည် နှစ်နိုင်ငံအကြား ဂြိုဟ်တုဆိုင်ရာလုပ်ငန်း၌ ချုပ်ဆိုထားသော ဒုတိယစာချုပ်ဖြစ်သည်။

အဆိုပါဂြိုဟ်တုသည် အလေးချိန် ကီလိုဂရမ် ၅၀၀ ရှိပြီး တန်ဖိုး ယူရိုငွေသန်း ၁၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၅၇ သန်း ကုန်ကျမည် ဖြစ်သည်။ ၂၀၁၃ခုနှစ်တွင် အဆိုပါဂြိုဟ်တုကို လွှတ်တင်နိုင်သောအခါ အမေဇုန်သစ်တောဒေသကို ညအချိန်၌သာမက တိမ်ထူထပ်ချိန်နှင့် ရာသီဥတု ဆိုးရွားချိန်များ၌ပါ ဓာတ်ပုံများရိုက်ယူနိုင်မည်ဖြစ်သည်။

အမ်အင်အေ၊အင်ဟွာ။

ဂရိနိုင်ငံတွင် ၁၂ရက်ကြာ ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားပြီးနောက် လမ်းပေါ်တွင် အမှိုက်များ စုပုံနေသည်ကို မတ် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူလေကြောင်းလိုင်းပိုင် အဲဘတ်စ် အေ-၃၈၀ လေယာဉ်တစ်စင်းကို ချန်ဂီလေဆိပ်တွင် မတ် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျာမနီတွင် ပစ်သတ်ခံရသောအမေရိကန်တပ်ဖွဲ့ဝင်၏ အမည်ကိုထုတ်ပြန်

ဘာလင် မတ် ၁၈

ဂျာမနီနိုင်ငံတွင် လွန်ခဲ့သော ရက်သတ္တပတ်က ရဲတပ်ဖွဲ့၏ ပစ်သတ်ခြင်းခံရသော အမေရိကန် တပ်ဖွဲ့ဝင်သည် ဂျာမနီနိုင်ငံ တောင်ပိုင်းတွင် တာဝန်ကျနေသော တပ်သား ဂျီရီဖီးယပ်ကားမက် ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်ကြေညာခဲ့သည်။

ကားမက်သည် ၎င်း၏ အမျိုးသမီးမိတ်ဆွေဟောင်းကို ခြိမ်းခြောက်ပြီးနောက် ရိုင်ဖယ်တစ်လက်ကို ကိုင်ဆောင်၍ ထွက်ပြေးရာ ရဲတပ်ဖွဲ့က ပစ်လိုက်ရကြောင်း ဂျာမနီအာဏာပိုင်များက ပြောကြားသည်။

ကားမက်သည် အသက် ၃၀ ရှိပြီး အမေရိကန် ပထမခြေလျင်တပ်မ၊ အမှတ် (၂)တပ်မဟာတွင် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။

ဂျာမနီရှိ အမေရိကန်ကြည်းတပ်နှင့် ဂျာမန်အာဏာပိုင်များသည် ယင်းအမှုကို ပူးတွဲစုံစမ်းစစ်ဆေးလျက်ရှိကြောင်း စနေနေ့တွင် ထုတ်ပြန်သည်။

ကားမက်သည် အမျိုးသမီး၏အိမ်ကို ချိုးဖျက်ဝင်ရောက်လာပြီး အမျိုးသမီးကို ခြိမ်းခြောက်ကာ ကြိုးတုပ်ထားကြောင်း ဘာဗေးရီးယန်းဒေသမှ ရဲတပ်ဖွဲ့က ပြောသည်။

အမျိုးသမီးသည် သူမကို တုပ်နှောင်ထားသော ကြိုးများကိုဖြေကာ ရဲဌာနသို့ အကြောင်းကြားခဲ့သည်။ ရဲအရာရှိများသည် အမျိုးသမီး၏အိမ်နှင့် မလှမ်းမကမ်း၌ အမေရိကန်စစ်သားကိုတွေ့ရှိ၍ ဖမ်းဆီးရန် ကြိုးပမ်းခဲ့သည်။ သို့သော်လည်း ၎င်းက မောင်းပြန်သေနတ်ဖြင့် ရဲများကို ပြန်လည်ခြိမ်းခြောက်လာသည့်အတွက် ပစ်သတ်လိုက်ရကြောင်း ရဲများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ယီမင်နိုင်ငံ၏မြို့တော် ဆာနာရှိ အမေရိကန်သံရုံးကို စိန်ပြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်ရာ သံရုံးအနီးရှိ ကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲသဖြင့် ဒဏ်ရာရရှိသူ ၁၉ဦးအနက် တစ်ဦးအားဆေးရုံ၌ မတ် ၁၈ ရက်က တွေ့ရစဉ်

(ဓာတ်ပုံ-အင်တာနက်)

အစ္စလာမ္မာဘတ်မြို့ရှိ အီတလီစားသောက်ဆိုင်၌ ဗုံးပေါက်ကွဲမှု လူပေါင်း ၂၀၀ ကျော် ဖမ်းဆီးခံရ

အစ္စလာမ္မာဘတ် မတ် ၁၈

အစ္စလာမ္မာဘတ်မြို့ရှိ အီတလီစားသောက်ဆိုင်တစ်ဆိုင်အတွင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လူပေါင်း ၂၃၂ဦးကို ဖမ်းဆီးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့မှ အထက်တန်းရဲအရာရှိ ဆေးကာလင်အိုင်မန်၏ ပြောကြားချက်ကို နယူးနက်ဝေါ့ခ် အင်တာနေရှင်နယ်သတင်း၌ ဖော်ပြသည်။

- ငြင်းဆို -

ပါကစ္စတန်ရှိ အမေရိကန်သံရုံးမှ လုံခြုံရေးအရာရှိများကလည်း ပေါက်ကွဲမှု ဖြစ်ပွားရာနေရာသို့ သွားရောက်ပြီး အမှုမှန် ပေါ်ပေါက်အောင် သက်သေအထောက်အထားများ ရှာဖွေကြသည်။ သို့သော် ထိုစုံစမ်းစစ်ဆေးမှုတွင် အမေရိကန်တို့ ပါဝင်ခြင်းကို ပါကစ္စတန် ရဲအရာရှိက ငြင်းဆိုသည်။

ထိုဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး အမှုမှန်ပေါ်ပေါက်စေရန် ပါကစ္စတန်ရဲအရာရှိများကသာလျှင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါစားသောက်ဆိုင် ပေါက်ကွဲမှုတွင် အမေရိကန်သံရုံး၌ အမှုထမ်းနေသော တူရကီသူနာပြုတစ်ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုဒဏ်ရာရရှိသူများအနက် နိုင်ငံခြားသားရှစ်ဦးပါဝင်ပြီး ပေါက်ကွဲသည့်နေရာမှာ မြို့တော်စူပါမားကက်အတွင်းမှ စားသောက်ဆိုင်တစ်ဆိုင်ဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရရှိသူနိုင်ငံခြားသားများမှာ ဂျပန်မှ စာနယ်ဇင်းသမား နှစ်ဦး၊ အမေရိကန်၊ ဗြိတိန်၊ ကနေဒါနှင့် ပါကစ္စတန်နိုင်ငံသားများဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွား ပြီးနောက် အဆိုပါစားသောက်ဆိုင်အား ပိတ်ထားရကြောင်း သိရှိရသည်။

ရဲတပ်ဖွဲ့ဝင်များသည် ပေါက်ကွဲမှု မဖြစ်ပွားခင်အချိန်အထိ စားသောက်ဆိုင်အတွင်းသို့ လာရောက်သော လူဝင်လူထွက်စာရင်းများနှင့် စားသောက်ဆိုင်ရှိ ဝန်ထမ်းများစာရင်းကို စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ဂျာမနီနိုင်ငံအကြီးအကဲ အင်ဂျလာမာကယ် အစ္စရေးလွှတ်တော်တွင် မိန့်ခွန်းပြောကြားနေသည်ကို မတ်၁၈ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နေတိုးတပ်ဖွဲ့လေကြောင်းမှတိုက်ခိုက်၍ အာဖဂန်တွင် ၅၀သေဆုံး

ကဘူးလ် မတ် ၁၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟီလ်မန်ပြည်နယ်၌ နေတိုးတပ်ဖွဲ့များက လေကြောင်းမှတိုက်ခိုက်သဖြင့် သောင်းကျန်းသူ ၁၈ဦးအပါအဝင် ၅၀သေဆုံးသွားကြောင်း ဒေသခံများက မတ် ၁၈ရက်တွင်ပြောကြားသည်။

တနင်္လာနေ့ မွန်းလွဲပိုင်းက ဆန်ဂင်ခရိုင်မာမယ်ကျေးရွာတွင် ဒေသခံများ ရိုးရာအားကစားပွဲကစားနေကြစဉ် ရုတ်တရက် နေတိုးဦးဆောင်သောတပ်ဖွဲ့မှ လေယာဉ်များပေါ်လာပြီး ဗုံးများကြဲချခြင်းဖြစ်သည်ဟု ဒေသခံ ဟာဂျီဒက် မိုဟာမာဒါက ပြောကြားသည်။

ဟီလ်မန်ပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲအား အဆိုပါသတင်းနှင့်ပတ်သက်၍ စုံစမ်းရာ ရဲအရာရှိ မိုဟာမက် ဟူစန်အန်ဒီဂါလ်က သတင်းတစ်စုံတစ်ရာမရရှိကြောင်းပြန်ကြားသည်။ စန်ဂင်ခရိုင်တွင် နေတိုးတပ်ဖွဲ့များ တနင်္လာနေ့က တစ်စုံတစ်ရာ လှုပ်ရှားခြင်းမရှိကြောင်းဖြင့် ယင်းတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ကားလို့စ်ဘရန်ကိုကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကာဂျစ်စတန်နိုင်ငံတွင် အမေရိကန်ဆန့်ကျင်ဆန္ဒပြသူ လေးဦးအား ဖမ်းဆီး

ဘစ်ရှ်ကက် မတ် ၁၉

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး ကာဂျစ်စတန်နိုင်ငံသို့ အလည်အပတ်ရောက်စဉ် အာဖဂန်သို့ အမေရိကန်တပ်ဖွဲ့ဝင်များရောက်ရှိနေမှုကို ဆန္ဒပြသူလေးဦးအား ကာဂျစ်စတန်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ရိုက်တာသတင်းအရသိရှိရသည်။

နိုင်ငံရေးအရ တက်ကြွလှုပ်ရှားသူအုပ်စုက "အမေရိကန်များအိမ်ပြန်ကြ" ဟူသည့်စာသားရေးထားသော နဖူးစီးစာတန်းများကို ကိုင်ဆောင်ပြီး အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးကာ နိုင်ငံခြားရေးဝန်ကြီးဌာနရုံး အပြင်ဘက်တွင် စုရုံးဆန္ဒပြခဲ့ကြသည်။ ယင်းဌာနတွင် အာရှအလယ်ပိုင်းရေးရာ ယာယီအမေရိကန်ဒုတိယ တွဲဖက်နိုင်ငံခြားရေးဝန်ကြီး ပါမီလာစပရက်လင်နှင့် ကာဂျစ်စတန်နိုင်ငံခြားရေးဝန်ကြီး အက်ဒနန်ကာရာဘာယက်တို့ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

စစ်ရေးအခြေစိုက်စခန်း

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်၏စစ်ရေးလှုပ်ရှားမှုများကို ထောက်ခံသည့်အနေဖြင့် အမေရိကန်အစိုးရက ကာဂျစ်စတန်နိုင်ငံတွင် ၂၀၀၁ခုနှစ်အတွင်း စစ်ရေးအခြေစိုက်စခန်းတစ်ခု တည်ဆောက်ခဲ့သည်။ ယင်းဒေသသည် အမေရိကန်အတွက် စစ်ရေးအရ အရေးပါသည့် မဟာဗျူဟာမြောက်ဒေသဖြစ်သည်။

ရဲတပ်ဖွဲ့က နိုင်ငံရေးအရ တက်ကြွလှုပ်ရှားသူ လေးဦးကို ရဲတပ်ဖွဲ့ယာဉ်များဖြင့် ခေါ်ဆောင်သွားခဲ့ပြီး စစ်ဆေးမေးမြန်းမှုများ ပြုလုပ်မည်ဖြစ်သည်။

ယာယီ အမေရိကန်တွဲဖက် နိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးမည့်အစီအစဉ်ကို အင်္ဂါ နေ့အထိ ရွှေ့ဆိုင်းထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ သမ္မတနန်းတော်အနီး ဗုံးပေါက်ကွဲသွားသောနေရာအား ရဲတပ်ဖွဲ့ဝင်များစစ်ဆေးနေသည်ကို မတ် ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်ကောင်စစ်ဝန်ရုံးရှေ့တွင် ရုရှားလူငယ်များ ကန့်ကွက်ဆန္ဒပြ

ဗလာဒီဗော့စတော့(ရုရှား) မတ် ၁၉

ကရင်မလင်လိုလားသည့်အုပ်စု (ရုရှားအစိုးရလိုလားသည့်အုပ်စု)မှ အဖွဲ့ဝင်များသည် အလက်ဇန်းဒါးကာရင်နှင့်ပတ်သက်၍ ရုရှားနိုင်ငံ အရှေ့ဖျားဒေသရှိ အမေရိကန် ကောင်စစ်ဝန်ရုံးအပြင်ဘက်သို့ လာရောက်စုရုံးပြီး ဆန္ဒပြကြောင်း ရိုက်တာသတင်းကဖော်ပြသည်။ အလက်ဇန်းဒါးကာရင်၏ မော်တော်ယာဉ်နှင့် အမေရိကန်ကောင်စစ်ဝန်ချုပ်ဟောင်း ဒေါက်ဂလပ်စ်ကင့်ခ်၏မော်တော်ယာဉ်တို့ ၁၉၉၈ခုနှစ်က တိုက်ခဲ့မိပြီးသည့်နောက် ရရှိခဲ့သည့် ဒဏ်ရာကြောင့် ကာရင်မှာ မလှုပ်မရှားနိုင်သည့် ဒုက္ခိတဘဝ ရောက်ခဲ့ရသည်။ ထို့ကြောင့် အမေရိကန်ဒေါ်လာ၁ဝသန်းကို လျော်ကြေးအဖြစ် တောင်းခံခဲ့သည်။

လျော်ကြေးပေးငွေနည်း

ကာရင်က ၎င်း၏ကိစ္စအပေါ် လူအများစိတ်ဝင်စားမှုရှိစေရန်အတွက် အစာငတ်ခံဆန္ဒပြမည်ဟု ကြေညာခဲ့ပြီး အမေရိကန်နိုင်ငံခြားရေးဌာနမှ လျော်ကြေးပေးငွေ ဒေါ်လာတစ်သိန်းသည် နည်းလွန်းကြောင်း ပြောကြားခဲ့သည်။

လူငယ်အစောင့်တပ်ဖွဲ့ဝင်များမှ အုပ်စုငယ်တစ်စုသည် ကာရင်နှင့်အတူ ဗလာဒီဗော့စတော့ကောင်စစ်ဝင်ရုံးအပြင်ဘက်တွင် မိနစ် ၃၀ခန့် ရဲတပ်ဖွဲ့က နှင်မထုတ်မီအထိ ဆန္ဒပြခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်ပြည်သူတို့ အဆိုးရွားဆုံး အခြေအနေ၌ရှိနေဆဲဟု အိုင်စီအာရ်စီ ဖော်ပြ

ဂျီနီဗာ မတ် ၁၈

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ပြီးသည့်နောက် ငါးနှစ်မျှ ကြာလာပြီဖြစ်သော်လည်း အီရတ်နိုင်ငံအတွင်း လူနေမှုအဆင့်အတန်းအခြေအနေသည် ကမ္ဘာ့အဆိုးရွားဆုံး အခြေအနေမှာပင် ရှိနေဆဲဖြစ်ကြောင်း နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီအဖွဲ့ (အိုင်စီအာရ်စီ)က တနင်္လာနေ့တွင် ပြောကြားသည်။

နေ့စဉ်နှင့်အမျှ တိုက်ပွဲများဖြစ်ပွားနေခြင်းများကြောင့် သန်းပေါင်းများစွာသော အီရတ်ပြည်သူများသည် သန့်ရှင်းသောရေနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်များကို ယခုအချိန်အထိ လုံလောက်စွာ မရရှိသေးကြောင်း ဂျီနီဗာအခြေစိုက် အိုင်စီအာရ်စီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ နေရာဒေသအချို့တွင် လုံခြုံရေးအခြေအနေ ကောင်းမွန်လာသော်လည်း ပိုင်ဆိုင်ပစ္စည်းများ စွန့်လွှတ်ခဲ့ရသည့် သန်းပေါင်းများစွာသော ပြည်သူများသည် ကြေကွဲဖွယ်ရာဖြစ်ရပ်များမှ အာရုံလွှဲပြောင်းသွားမည် မဟုတ်ကြောင်း အိုင်စီအာရ်စီ အကြီးအကဲ ဘီရိုက်(စ်) မီဂီဗင်ရော့ဂိုက ပြောကြားသည်။

ထိုသန်းပေါင်းများစွာသော ပြည်သူအများစုသည် ပြောင်းရွှေ့နေရာချထားခံရသူများ၊ ဒုက္ခသည် မိသားစုများ၊ ကိုယ့်အိမ်ကိုယ့်ယာသို့ ပြန်လာကြသူများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ မိန်းမသားဦးစီးသော အိမ်ထောင်စုများနှင့် အဖမ်းခံရသောသူများ၏ မိသားစုများဖြစ်ကြောင်း ၎င်းအကြီးအကဲက ပြောသည်။

အီရတ်နိုင်ငံ ဒေသအချို့တွင် အေးချမ်းတည်ငြိမ်မှု ရရှိလာသော်လည်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ပြည်သူများသည် သေကြဆဲ၊ ဒဏ်ရာရရှိကြဆဲပင်ဖြစ်ကြောင်း အိုင်စီအာရ်စီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံတကာဆိုင်ရာ လူသားများနှင့်ဆိုင်သော ဥပဒေစည်းမျဉ်းများကို လုံးဝဂရုမစိုက်ဘဲ အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်ကြသည့် လုပ်ရပ်များလည်း ရှိသည်ဟုဆိုသည်။

ကျန်းမာရေးစောင့်ရှောက်မှု၊ ရေနှင့်သန့်ရှင်းရေးဝန်ဆောင်မှု လုပ်ငန်းများ၊ လျှပ်စစ်ပိုင်းဆိုင်ရာ အထောက်အပံ့ပစ္စည်းများမှာ များပြားစွာ လိုအပ်ဆဲရှိသေးသည်။ ဆေးရုံများတွင် ကျွမ်းကျင်သော ဆေးဝန်ထမ်းများနှင့် အခြေခံဆေးဝါးများ ရှားပါးလာခြင်းတို့ကြောင့် ဒဏ်ရာရရှိသူများကို သင့်လျော်သော ကုသမှုပေးရန် အခက်အခဲဖြစ်နေရသည်။

အီရတ်ပြည်သူတို့ အနေဖြင့် နိုင်ငံတွင်း၌ အင်ဂျင်နီယာများ ရှားပါးခြင်းကြောင့် ရေနှင့်မိလ္လာစနစ်များကို ပြုပြင်ထိန်းသိမ်းမှု မလုပ်နိုင်၍ သန့်ရှင်းမှုမရှိသော သောက်သုံးရေပေါ်တွင်သာ မှီခိုအားထားနေရသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဥရောပနိုင်ငံများတွင် သက်ကြီးရွယ်အိုများ အပစ်ပယ်ခံနေရဟု အစီရင်ခံစာတွင်ဖော်ပြ

ဘရပ်ဆယ် မတ် ၁၉

ဥရောပဒေသရှိ သက်ကြီးရွယ်အိုများအနေဖြင့် ဆေးဝါးကုသမှု ကောင်းစွာမရရှိ၊ စော်ကားမော်ကား အပြုခံရပြီး လျစ်လျူရှုခံနေရကြောင်း ဥရောပကော်မရှင်က တနင်္လာနေ့တွင်ထုတ်ပြန်သည့် လေ့လာရေးအစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂ(အီးယူ) တစ်ဝန်းရှိ ပြည်သူလူထု၏ထက်ဝက်ခန့်က ယင်းဖြစ်ရပ်သည် အီးယူဒေသသို့ ကူးစက်ပြန့်ပွားနေသည်ဟုထင်မြင်နေကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

ယင်းအစီရင်ခံစာ ထုတ်ပြန်သည့် ဘရပ်ဆယ်တွင်ကျင်းပသည့် ယင်းပြဿနာနှင့်ပတ်သက်သော အီးယူအဆင့်မြင့်အရာရှိများ၏ ညီလာခံနှင့် တိုက်ဆိုင်နေလျက်ရှိသည်။

မိမိတို့အနေဖြင့် အသက်အရွယ်ကြီးရင့်လာချိန်တွင် အခြားလူမျိုးများ၏အကူအညီအပေါ် အမှီသဟဲ ပြုနေသည့် အလားအလာဖြင့် ကြုံတွေ့နေရကြောင်း မိမိတို့အား ဂုဏ်သိက္ခာရှိရှိဖြင့်ဆက်ဆံကြမည့်ကိစ္စမှာ မသေချာမရေရာသည့်ကိစ္စဖြစ်သည်ဟု အီးယူ လူမှုရေးဆိုင်ရာမင်းကြီး ဗလာဒီမာစပိုက်လာက ပြောကြားသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများက ထောက်ပံ့ဖြည့်ဆည်းရေးအုပ်စုများ ဖွဲ့စည်းခြင်း၊ အရေးပေါ်တယ်လီဖုန်းလိုင်းများ ဆက်သွယ်ပေးခြင်း၊ ထင်သာမြင်သာရှိသည့် စောင့်ကြည့်လေ့လာရေး စနစ်များ ဖန်တီးပေးခြင်းဖြင့် သက်ကြီးရွယ်အိုများအား စတင်ကာကွယ် စောင့်ရှောက်နေပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိသျှတပ်များ ဘာဆာရာတွင် လုပ်ငန်းမည်မည်ရရမရှိ အီရတ်နိုင်ငံခြားရေးဝန်ကြီး ဝေဖန်

လန်ဒန် မတ် ၁၉

အီရတ်နိုင်ငံ တောင်ပိုင်းဒေသရှိ ဘာဆာရာမြို့မှ ဗြိတိသျှတပ်ဖွဲ့ဝင်များသည်မည်သည့်လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမရှိဘဲ ဘာဆာရာမြို့ကို စစ်သွေးကြွများ သိမ်းပိုက်စေသည်အထိ ခွင့်ပြုထားမှုအပေါ် အီရတ်နိုင်ငံခြားရေးဝန်ကြီးက ဗြိတိသျှတပ်ဖွဲ့ဝင်များအား ကဲ့ရဲ့ရှုတ်ချ ပြောကြားလိုက်သည်။

ပြောကြား

အီရတ်တွင် ငါးနှစ်ကြာသွေးချောင်းစီးတိုက်ပွဲ များဖြစ်ပွားပြီး အီရတ်နိုင်ငံတွင် တည်ငြိမ်မှုရှိလာစေရန် ပြည်ပတပ်ဖွဲ့များအနေဖြင့် ပါဝင်ဆောင်ရွက်ရန် လိုအပ်သည်ဟု ဟိုရှီယာဇီဘာရီက ဗြိတိသျှ ရုပ်/မြင်ဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင်ပြောကြားသည်။

အလုပ်မည်မည်ရရမရှိ

ဗြိတိသျှ တပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်တွင် ဒုတိယအကြီးဆုံးနှင့် အရေးပါသည့် ဆိပ်ကမ်းမြို့ဖြစ်သည့် ဘာဆာရာတွင် အလုပ်မည်မည်ရရလုပ်ကိုင်မှုမရှိကြောင်း၊ ယင်းကြောင့် စနစ်တကျစုစည်းထားသည့် ရာဇဝတ်မှုများ မြို့အတွင်း ပေါ်ပေါက်နေကြောင်း စသည်ဖြင့် ဇီဘာရီကပြောကြားသည်။

ဗြိတိန်အစိုးရက အီရတ်နိုင်ငံတောင်ပိုင်းသို့ ဗြိတိသျှတပ်ဖွဲ့ဝင် ၄၅၀၀ ခန့် စေလွှတ်ဖြန့်ကြက်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

ပစ်တိုင်းထောင်နိုင်ဖို့ အတွက်ပါ

စည်သူအောင်

"အခုရေးဆွဲပြီးတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းမှာပါတဲ့ နှစ်ဆယ့်ငါး ရာခိုင်နှုန်းအကြောင်း ဆွေးနွေးကြဦးစို့ကွာ"

"ဥပဒေပြုအဖွဲ့တွေမှာ တပ်မတော်သား နှစ်ဆယ့်ငါးရာခိုင်နှုန်း ပါဝင်ရမယ်ဆိုတဲ့ကိစ္စလား"

"ဟုတ်တာပေါ့ကွာ။ ဒီကိစ္စတွေက လူပြောသူပြော တော်တော်များပြီး၊ သို့လောသို့လော ပြောဆိုငြင်းခုံစရာကလေးတွေ ဖြစ်နေလို့ပါ။ သိသင့်သိထိုက်တာတွေ စေ့စေ့စပ်စပ် ရှင်းရှင်းလင်းလင်း သိထားတော့ လူထုက စဉ်းစားဆုံးဖြတ်ရတာ လွယ်သွားတာပေါ့"

"ဟုတ်ပါတယ်။ ငါကလည်း ဒီကိစ္စကို ဆွေးနွေးချင်ပါတယ်။ ကဲ ပြောပါဦး၊ ဒီကိစ္စမှာ ပြောဆိုငြင်းခုံစရာဆိုတာက ဘာတွေများလဲ"

"ပြောကြတာတော့ အများကြီးပေါ့ကွာ။ အဓိကအချက်နှစ်ချက်ကတော့ ဥပဒေပြုလွှတ်တော်ဆိုတာ ရွေးချယ်တင်မြှောက်ခံရတဲ့သူတွေပဲ ပါရမယ်၊ ရွေးချယ်တင်မြှောက်မထားဘဲ ခန့်အပ်ခံရတဲ့သူတွေပါတယ်ဆိုတာ ဒီမိုကရေစီ မကျဘူးဆိုတဲ့အချက်နဲ့ ဒီလိုတပ်မတော်သားတွေကို ထည့်ထားတာဟာ တပ်မတော်က အာဏာကို ထာဝရဆုပ်ကိုင်ထားချင်လို့ဖြစ်တယ် ဆိုတဲ့အချက်တွေပဲ"

"ဟုတ်ပြီ။ ပထမအချက်ကတော့ ဥပဒေပြုလွှတ်တော်တွေမှာ ရွေးချယ် တင်မြှောက်ခံရတဲ့သူတွေပဲပါရမယ်ဆိုတဲ့ကိစ္စပေါ့။ ပထမဆုံး ဒို့နိုင်ငံရဲ့သမိုင်းကြောင်းနဲ့ပဲ ပြန်ပြောပြမယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ တိုင်းပြုလွှတ်တော်က အတည်ပြုထားတဲ့ ဒီမိုကရေစီနည်းကျ အခြေခံဥပဒေဆိုတာ လက်ခံတယ် မဟုတ်လား။ ဒါဆိုရင် အဲဒီအခြေခံဥပဒေနဲ့ ရေးဆွဲထား၊ ပြဋ္ဌာန်းထားတဲ့ လူမျိုးစုလွှတ်တော်မှာ ရွေးချယ်တင်မြှောက်ထားတာ မဟုတ်တဲ့ ရှမ်းစော်ဘွားတွေပါနေတယ်။ အတိအကျပြောရရင် အခြေခံဥပဒေအခန်း(၉)၊ အပိုင်း(၁)၊ ရှမ်းပြည်နယ် ဆိုတဲ့ အပိုင်းမှာ ပုဒ်မ(၁၅၄)၊ပုဒ်မခွဲ(၂)မှာပါတယ်။ လူမျိုးစုလွှတ်တော်မှာ ပါဝင်မယ့် ရှမ်းပြည်နယ်ဆိုင်ရာ အမတ်အားလုံးကို ရှမ်းပြည်နယ်၏ စော်ဘွားများက မိမိတို့စော်ဘွားများထဲက ရွေးကောက်ရမယ်လို့ ဆိုထားတယ်။ ရိုးရိုးလေးပဲစဉ်းစားကြည့်လေ။ ပဒေသရာဇ်စနစ်ဖြစ်တဲ့ အဖေသေရင် သားကဆက်ခံတဲ့ စော်ဘွားတွေဟာ ကိုလိုနီခေတ်တုန်းကတောင်မှ မရခဲ့တဲ့ ဥပဒေပြုခွင့်အာဏာကို ဒီမိုကရေစီခေတ်ကျမှ ရလာခဲ့တာ မဟုတ်ဘူးလား။

"၁၉၄၇ ခုနှစ် အခြေခံဥပဒေက ခေတ်မမီတော့လို့ပါဆိုရင်လည်း မကြာခင်ကမှ ရေးဆွဲအတည်ပြုထားတဲ့ အိမ်နီးချင်းထိုင်းနိုင်ငံက အခြေခံ ဥပဒေကို ပြောပြဦးမယ်။ ထိုင်းအခြေခံဥပဒေ အပိုင်း(၃) ပုဒ်မ (၁၁၁) မှာ ဆီးနိတ်အထက်လွှတ်တော်ကို အမတ် ၁၅၀ နဲ့ ဖွဲ့စည်းရမယ်။ မဲဆန္ဒနယ်တစ်ခုကို လွှတ်တော်အမတ်တစ်ဦးနှုန်းနဲ့ ရွေးကောက်ပြီး ကျန်တဲ့အမတ်နေရာတွေကိုတော့ အမတ်ရွေးချယ်ရေးကော်မတီကနေ ရွေးချယ်ခန့်အပ်ရမယ်လို့ပါတယ်။ အဲလိုဘာလို့လုပ်ရသလဲဆိုတော့ ထိုင်းနိုင်ငံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီရဲ့သတင်းထုတ်ပြန်ချက်မှာ ရွေးကောက်ပွဲနဲ့လုပ်ရင် နိုင်ငံရေးပါတီတွေဝင်ပြီး ရှုပ်မှာစိုးလို့၊ ပြီးတော့ ဆီးနိတ်လွှတ်တော်မှာ နောက်ခံဘဝအမျိုးမျိုးနဲ့ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အမျိုးမျိုးက လူတွေ ပါနိုင်အောင်ဖြစ်တယ်လို့ဆိုတယ်။ ပုဒ်မ(၁၁၅)မှာ လည်း အထက်လွှတ်တော်အမတ်တွေဟာ ဘယ်နိုင်ငံရေးပါတီဝင်မှ မဖြစ်စေရဘူး။ အောက်လွှတ်တော်အမတ်တစ်ဦး၊ သို့မဟုတ် အစိုးရအဖွဲ့ဝင် တစ်ဦးရဲ့ အိမ်ထောင်ဖက်နဲ့ သားသမီး/အမွေခံ မဖြစ်စေရဘူးလို့ ဆိုတယ်"

"ထိုင်းနိုင်ငံမှာ ပြည်နယ် ၇၆ ခု ရှိတော့ စုစုပေါင်း အထက်လွှတ်တော်အမတ် ၁၅၀ ထဲက ရွေးကောက်တင်မြှောက်ခံ ၇၆ယောက်နုတ်ရင် ၇၄ ယောက်က ခန့်အပ်ခံရတဲ့ သူတွေပေါ့နော်။ ဒါဆိုတော့ ၅၀ရာခိုင်နှုန်းပဲ ထားလိုက်ပါတော့"

"ဒါကြောင့်မို့ ပြောတာပေါ့ကွာ။ သူတို့အထက်လွှတ်တော်မှာ ရွေးကောက်ခံနဲ့ ခန့်အပ်ခံအမတ်တွေက ထက်ဝက်စီလောက်ရှိတာ။ ဒို့ဆီမှာ ၇၅ရာခိုင်နှုန်းက ရွေးကောက်ခံအမတ်ဖြစ်ပြီး ၂၅ ရာခိုင်နှုန်းက တိုက်ရိုက်ခန့်တဲ့ တပ်မတော်သားတွေလေ"

"လွှတ်တော်မှာ မဲခွဲဆုံးဖြတ်တဲ့အခါ ထက်ဝက်ကျော်မဲရတဲ့ဘက်က အနိုင်ရတာပဲ။ ၅၀ ရာခိုင်နှုန်းကျော်ရင် အနိုင်ရပြီဆိုတော့ ပါတီတစ်ခုဟာ မဲ ၅၀ ရာခိုင်နှုန်းကျော်ရအောင် စည်းရုံးနိုင်ရင်ပဲ တင်သွင်းတဲ့ အဆိုက အနိုင်ရမှာ သေချာနေပြီပေါ့။ တပ်မတော်သား ၂၅ရာခိုင်နှုန်းကို ထည့်တွက်စရာ ဘယ်လိုတော့မလဲ"

"အဲဒါကြောင့် မင်းပြောတဲ့ ဒုတိယအချက်ဖြစ်တဲ့ တပ်မတော်က အာဏာကို ဆုပ်ကိုင်ထားချင်လို့ ၂၅ရာခိုင်နှုန်း ယူထားတယ်ဆိုတာ မှန်/မမှန် မင်းပဲစဉ်းစားကြည့်ပေါ့ကွာ။ တကယ်သာ အာဏာကို အပိုင်ဆုပ်ကိုင်ထားချင်ရင် သူများတွေလို ၅၀ရာခိုင်နှုန်းလောက်တော့ အနည်းဆုံးယူထားမှာပေါ့"

"ဒါဖြင့်ရင် ဘာဖြစ်လို့ ၂၅ရာခိုင်နှုန်းပဲ ယူထားရတာလဲ။ မင်းစဉ်းစားမိသလောက် လင်းစမ်းပါဦး"

"ငါ့အမြင်ကတော့ မင်းကို ဥပမာလေးနဲ့ ပြောပြမယ်။ ဘောလုံးတစ်လုံးနဲ့ ပစ်တိုင်းထောင်ရုပ်တစ်ရုပ်ကို ကြမ်းပြင်ပေါ် ပစ်ချလိုက်ရင် ငြိမ်သွားတဲ့အခါ ဘယ်လိုနေမလဲ"

"ဘောလုံးကတော့ ဘယ်လိုမှမနေဘူး၊ အစကတည်းက လုံးလုံးကလေးဆိုတော့ ကျချင်သလိုကျသူ့ဘာသာ လုံးလုံးကလေးပဲ ငြိမ်နေမှာပေါ့ကွ။ ပစ်တိုင်းထောင်ကတော့ ခေါင်းကလေးက အပေါ်မှာ၊ ဗိုက်ကလေးက အောက်မှာ ငြိမ်ပြီးတော့ ထောင်နေမှာပေါ့"

"ဒါဆိုရင် ဘယ်လိုပစ်ချချ ပစ်တိုင်းထောင်က ထောင်နေတာ ဘာကြောင့်လဲ"

"မင်းကလဲသိရက်သားနဲ့။ ပစ်တိုင်းထောင်ဗိုက်ထဲမှာ ရွှံ့တုံးကလေး ထည့်ထားလို့ အဲဒီဝိတ်နဲ့ အောက်ခြေက ငြိမ်ပြီးထောင်နေတာပေါ့။ အဲဒီဝိတ်မရှိရင် ပိုးလိုးပက်လက်နဲ့ ကျချင်သလိုကျ၊ လဲချင်သလိုလဲ ဖြစ်နေမှာပေါ့"

"အေး ငါပြောချင်တာဒါပဲ။ အင်္ဂလိပ်လိုပြောရင်တော့ 'Balancing Weight' ပေါ့ကွာ။ မြန်မာလိုဆိုရင်တော့ ဟန်ချက်ထိန်းအလေးပေါ့။ တပ်မတော်သား ၂၅ရာခိုင်နှုန်းဟာ ပစ်တိုင်းထောင်လို အမြဲတမ်းထောင်နေအောင်လုပ်ပေးနေတဲ့ ရွှံ့တုံးကလေးလို မြန်မာ့နိုင်ငံရေးမှာ ကမောက်ကမ မဖြစ်ရအောင် ထိန်းပေးနေတဲ့ ဝိတ်တုံးကလေးပဲလေ။ **ဒို့နိုင်ငံရဲ့သမိုင်းကြောင်းကို ပြန်ကြည့်ရင် ပါတီတစ်ခုတည်းက အမတ်နေရာ အများကြီးပိုင်ဆိုင်ထားတဲ့အခါ အတိုက်အခံလူနည်းစုရဲ့စကားကို နားထောင်စရာမလိုဘူးဆိုပြီး လုပ်ချင်ရာလုပ်၊ နေချင်သလိုနေခဲ့လို့ အခြေခံဥပဒေဟာ စက္ကူစုတ်သဖွယ်ဖြစ်နေပြီလို့ ပြောခဲ့တာတွေလည်းရှိခဲ့ပြီ။ အတိုက်အခံလူနည်းစုတွေကတင်ပြတဲ့ အဆိုတွေက ဘယ်လောက်ကောင်းကောင်း၊ တိုင်းပြည်အတွက် ဘယ်လောက်အကျိုးရှိရှိ လိုက်လုပ်ရင် အတိုက်အခံတွေကို လူထုကကြိုက်ပြီး နောက်ရွေးကောက်ပွဲကျရင် မဲပေးလိုက်မှာစိုးလို့ အတိုက်အခံဘက်က တင်လာသမျှ သူဖြုတ်ရင်ငါမည်းမယ်ဆိုပြီး မဲခွဲပယ်ချခဲ့တာတွေလည်း ရှိခဲ့ပြီးပြီ။ ပါတီတွေကွဲပြီး မဲတွေတစုတစည်းတည်းမရှိဘဲပြန့်ကျဲနေတဲ့အခါကျတော့လည်း ကိုယ့်ဘက်သူ့ဘက်မဲအသာရဖို့ တစ်သီးပုဂ္ဂလနဲ့ ပါတီငယ်တွေကို အလိုလိုက်အကြိုက်ဆောင်ပြီး လုပ်ပေးခဲ့ရတာတွေလည်း တွေ့ခဲ့ဖူးပြီ။ ချုံပြောရရင်တော့ကွာ ဒီလိုအာဏာကိစ္စတွေကြောင့် အမျိုးသားအကျိုးစီးပွားထက် ကိုယ့်ပါတီအနိုင်ရရေးကို ဦးစားပေးတဲ့ အတ္တအကျိုးစီးပွားကပိုပြီး ရှေ့တန်းရောက်နေခဲ့လို့ တိုင်းပြည်မှာ ခါးသီးတဲ့ အတွေ့အကြုံတွေ အများကြီးရခဲ့ပြီလေ။**

"ဒီပြဿနာကို ဖြေရှင်းပေးနိုင်ဖို့ တပ်မတော်သား ၂၅ရာခိုင်နှုန်းကို ဥပဒေပြုအဖွဲ့တွေမှာ အင်အားချိန်ညှိပေးနိုင်အောင်ထည့်ပြီး ဖွဲ့စည်းထားတာပေါ့ကွာ။ တပ်မတော်သား ကိုယ်စားလှယ်တွေရဲ့ တာဝန်က အမျိုးသားအကျိုးစီးပွားအတွက် မဖြစ်သင့်တာမဖြစ်ရအောင် ထိန်းသိမ်းပေးဖို့ပဲ။ အမျိုးသားအကျိုးစီးပွားဆိုတာကလည်း အခြေခံကတော့ ဒို့တာဝန်အရေးသုံးပါးပဲလေ။ ပြည်ထောင်စု မပြိုကွဲဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပြိုကွဲဖို့၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့၊ ဒီကိစ္စတွေကို ထိပါးမလာရအောင် စောင့်ကြည့်ပြီး ထိန်းပေးနေမှာပဲ။ ကျန်တာကတော့ တကယ်သာ နိုင်ငံနဲ့ လူမျိုးအကျိုးရှိမယ့် ကိစ္စမျိုးမှန်ရင် တပ်မတော်သားတွေရဲ့ မဲကိုမရမှာ ပူနေစရာမလိုပါဘူးကွာ။ အာဏာရပါတီကပဲ တင်တင်၊ အတိုက်အခံကပဲတင်တင် ဘာမှ ကန့်ကွက်မဲထည့်နေမှာမဟုတ်ဘူးလို့ ငါယုံတယ်။

"တပ်မတော်အနေနဲ့ကတော့ ကိုယ့်နိုင်ငံကို ပစ်တိုင်းထောင်လို အမြဲတမ်းထောင်နေတာပဲမြင်ချင်တယ်။ ဘောလုံးလို ပုံသဏ္ဍာန်ကတစ်ပြေးညီ လုံးသွားတဲ့၊ ရင့်ကျက်တဲ့ ဒီမိုကရေစီမျိုး ထူထောင်နိုင်တဲ့အခါ ကျရင်တော့ ဘယ်လိုပဲလိမ့်လိမ့် ကိစ္စမရှိတော့ဘူးလေ။ ပစ်တိုင်းထောင်လိုအခြေအနေက လိုအပ်နေသေးသမျှတော့ နိုင်ငံကို တုံးလုံးပက်လက်လဲကျမသွားအောင် ဝိတ်ထည့်ပေးထားရမှာပဲ"

ဒို့နိုင်ငံရဲ့သမိုင်းကြောင်းကို ပြန်ကြည့်ရင် ပါတီတစ်ခုတည်းက အမတ်နေရာ အများကြီး ပိုင်ဆိုင်ထားတဲ့အခါ အတိုက်အခံလူနည်းစုရဲ့စကားကို နားထောင်စရာမလိုဘူးဆိုပြီး လုပ်ချင်ရာ လုပ်၊ နေချင်သလိုနေခဲ့လို့ အခြေခံဥပဒေဟာ စက္ကူစုတ်သဖွယ်ဖြစ်နေပြီလို့ ပြောခဲ့တာတွေ လည်းရှိခဲ့ပြီ။ အတိုက်အခံ လူနည်းစုတွေကတင်ပြတဲ့အဆိုတွေက ဘယ်လောက် ကောင်းကောင်း၊ တိုင်းပြည်အတွက် ဘယ်လောက်အကျိုးရှိရှိလိုက်လုပ်ရင် အတိုက်အခံတွေကို လူထုကကြိုက်ပြီး နောက်ရွေးကောက်ပွဲကျရင် မဲပေးလိုက်မှာစိုးလို့ အတိုက်အခံဘက်ကတင်လာသမျှ သူဖြုတ်ရင် ငါမည်းမယ်ဆိုပြီး မဲခွဲပယ်ချခဲ့တာတွေလည်းရှိခဲ့ပြီးပြီ။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လမ်းသစ်ဖွင့်ပွဲတက်ရောက်၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ

ရန်ကုန် မတ် ၁၉

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော ဇီးဖြူကျွန်း-သဇင်ရေကျော်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၆ ရက် ညနေ ၃ နာရီတွင် အဆိုပါ မုခ်ဦးနေရာ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ ဇီးဖြူကျွန်း-သဇင်ရေကျော် ကျောက်ချောလမ်းမှာ အရှည် ၃ဒသမ ၅၈ မိုင်ရှိကာ ရန်ကုန်-ပုသိမ်လမ်းမကြီးသို့ ဆက်သွယ်ထားသော လမ်းတစ်လမ်းဖြစ်ပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှစတင်၍ မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့်အထိ ဘဏ္ဍာရေးနှစ်အလိုက် စည်ပင်သာယာရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေနှင့် အဖွဲ့ရန်ပုံငွေတို့ဖြင့် အဆင့်ဆင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လမ်းပြီးစီးသွားသည့်အတွက် သဇင်ရေကျော်ကျေးရွာအုပ်စုအတွင်းရှိ သဇင်ကျေးရွာ၊ ရေကျော်ကျေးရွာ၊ ပန်းဆိပ်ကျေးရွာ၊ ပတုတ်ကျေးရွာ၊ ကျုံဝါးကျေးရွာ၊ ခနာကျေးရွာနှင့် ပနော်ကျေးရွာ ခုနစ်ရွာတို့ရှိ ပြည်သူများ ရာသီမရွေး ရန်ကုန်-ပုသိမ်လမ်းမကြီးမှတစ်ဆင့် ရန်ကုန်မြို့နှင့် ပုသိမ်မြို့များသို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ပုသိမ်မြို့နယ် ကိုးဆူစံပြကျေးရွာ ကျေးလက်ပြည်သူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် သဇင်ရေကျော်ကျေးရွာ၌ ကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်ပြည်သူများနှင့်လည်းကောင်း၊ မတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့နယ် ကိုးဆူစံပြကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျေးလက်ပြည်သူများနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဂုဏာဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၉

နိုင်ငံတော်အစိုးရက ဆက်ကပ်သည့် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူသည့် ဧရာဝတီတိုင်း လပွတ္တာမြို့ အမှတ်(၂)ရပ်ကွက် သိရီလက္ခဏ ကျိုက်ထီးရိုး ပရိယတ္တိစာသင်တိုက်ပဓာနနာယက(သာသနဓဇ သိရီပဝရဓမ္မာစရိယ ပါဠိသိရောမဏိ) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ သာသနအား တပည့်သံဃာ ဒါယကာ၊ ဒါယိကာမတို့၏ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဂုဏာဝိသိဋ္ဌပူဇာသဘင်ကို ၁၃၇၀ ပြည့်နှစ် ဦးတန်ခူး လပြည့်ကျော် ၂ ရက်၊ (ဧပြီ ၂၂ ရက်) တွင် အထက်ပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အရှင်စန္ဒသိရီ (တိုက်အုပ်) ဖုန်း-၀၄၂-၈၁၁၀၈နှင့် အရှင်သီလာစာရ အောင်မင်္ဂလာကျောင်းတိုက် တာမွေမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နတ်မောက်စက်မှုလက်မှု အထက(၁) ကျောင်းသားဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ် ၉ရက်က ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက စုပေါင်းကန်တော့ကြစဉ်။

(က-ပ)

အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဆိုင်ရာ ဆေးပညာဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟိုနှင့် ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟို (မြန်မာပြည်ရုံး)တို့ ပူးပေါင်းစီစဉ်မှုဖြင့် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဆိုင်ရာ ဆေးပညာဟောပြောပွဲကို မတ် ၁၆ ရက်တွင် Hotel Nikko Royal Yangon ၌ ကျင်းပရာ သဘာပတိများအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခသိန်းစောနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါအထူးကုဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခသံစစ်တို့က ဆောင်ရွက်ကြပြီး Baylor College of Medicine အစာအိမ်အူလမ်းကြောင်းဌာနမှပါမောက္ခ David Grahanက အစာအိမ်ရောဂါပိုး H.pylori, Gastroesophageal Reflux Disease (GERD) နှင့် NSAID Gastropathy တို့နှင့် စပ်လျဉ်း၍ ခေတ်မီဆေးပညာကုထုံးများအကြောင်းကိုလည်းကောင်း၊ ဗန်ကောက်ဆေးရုံကြီး၏ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါကုဌာနမှ တွဲဖက်ပါမောက္ခ Varocha Mahachai က အသည်းရောင်အသားဝါ စီပိုး၏ ခေတ်မီကုထုံးများအကြောင်းကို လည်းကောင်း၊ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းအထူးကု ဆရာဝန် ဒေါက်တာ Pongsithက ဗန်ကောက်ဆေးရုံကြီး၏ ခေတ်မီတိုးတက်သော ရောဂါရှာဖွေရေးစနစ်များနှင့် ကုထုံးများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြရာ ပါမောက္ခများ၊ အထူးကု ဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် ဧည့်သည်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟိုနှင့် ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟို(မြန်မာပြည်ရုံး)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဆိုင်ရာ ဆေးပညာဟောပြောပွဲကို Hotel Nikko Royal Yangon ၌ ကျင်းပစဉ်။ (သတင်းစဉ်)

မွေးနေ့အလှူ

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်းနေ ဒေါ်ကျင်မိ (၉၁)နှစ် ပြည့်မွေးနေ့အဖြစ် အလှူငွေကျပ် ၁၁၀၀၀၀ လှူဒါန်းစဉ်။

(က-ပ)

သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားပြဌာန ဓမ္မာရုံတော်ကြီးတွင် (၇၂)ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက် တရားစခန်းပွဲ၌ မဟာသတိပဋ္ဌာန် (ဓမ္မာနုပဿနာ) တရားတော်များအား ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာဦးသိန်းဆွေ (ခနေဖြူ)နှင့် နာယက ဦးထွန်းလွင်၊ ဆရာဦးမြင့်သန်း၊ ဆရာဦးသန်းဝေတို့ က ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ဟောကြားပြသပေးမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၁၁ ရက် ညနေ ၅ နာရီ အရောက်ဝင်ရောက်နိုင်ကြကြောင်းနှင့် နာယက ဦးအေးကိုဖုန်း-၀၁-၆၆၂၈၀၊ ၀၁-၆၆၀၀၀၆၊ ဥက္ကဋ္ဌဦးကျော်ဦး ဖုန်း-၀၉ ၈၉ ၂၀၆၁၇၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင် ဖုန်း-၀၁-၆၆၂၈၅၀၊ ပြန်ကြားရေးနှင့် ဘဏ္ဍာရေးမှူး ဦးသန်း ဖုန်း-၀၉ ၈၉ ၂၅၅၀၅ တို့ ထံဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မီးသတိပြု

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် လှူဒါန်း

ရန်ကုန် မတ် ၁၉

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် သာယာအေးလမ်းသွယ်(၃)နေ ဦးထွန်းအေး၊ သား ကိုစိုးအောင်-မယုယုစိမ်း (စင်ကာပူ)နှင့်သမီးမနုနုခင်(အထပြ-၂၊ မရမ်းကုန်း)မိသားစုက ကွယ်လွန်သူ ဒေါ်လှမေ (၁၀)နှစ်မြောက်အား ရည်စူး၍ ရန်ကင်းပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် အလှူငွေကျပ် ၁၀ သိန်းကို ရွှေပြည်ဟိန်းဆရာတော်အား ပင့်ဆောင်၍ လှူဒါန်းကြသည်။ အလားတူ ရန်ကင်းပါရမီရိပ်သာ မြမဥ္ဇူလမ်းသွယ်(၃) ဦးစိုးသန်း-ဒေါ်နီလာညွန့် မိသားစုက ကျပ်ငါးသိန်း၊ ပုဇွန်တောင် ဗိုလ်တထောင်ဈေးလမ်း ဦးလှမင်း(မွေးနေ့)ငွေကျပ် သုံးသိန်း၊ လသာမြို့နယ် ၁၈ လမ်း၊ ဒေါ်ညွန့်ရီ (မွေးနေ့) အဖြစ် ငွေကျပ်တစ်သိန်းငါးသောင်း တို့ကို လှူဒါန်းကြသည်။ (က-ပ)

မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး စာမူဆုရရှိသူများစာရင်းကြေညာ

နေပြည်တော် မတ် ၁၉

၂၀၀၇ ခုနှစ်မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆုရရှိသူများ စာရင်းကို သက်ဆိုင်ရာစိစစ်ရေးအဖွဲ့မှ ထုတ်ပြန်ကြေညာလိုက်သည်။ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)က တတိယဆုနှင့် ကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)က နှစ်သိမ့်ဆု အသီးသီးရရှိကြသည်။

၂၀၀၇ ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး ကာတွန်းဆုကို **"ကာတွန်းရွှေရိုး"**ကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို ကို(တက္ကသိုလ်)၏ **"စစ်သားအို၏ နောက်ဆုံးတိုက်ပွဲ"**ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ထွန်းညို(စကု)၏ **"အလုပ်ဟူသည်"** ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ခြင်ကျား(မအူပင်)၏ **"သင်္ကြန်ကြိုကျွဲ"**ကလည်းကောင်း၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးကာတွန်းဆုကို **"ကာတွန်းမြေဇာ"**ကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို မောင်ပေဟမာ၏ **"ပဋိရူပ"**ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို မောင်မြင့်ကြည် (စာပေဗိမာန်)၏ **"မြန်မာကဗျာနှင့် ရသခံစားတတ်မှုသဘာဝ"**ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ဆင်ဖြူကျွန်းအောင်သိန်း၏ **"မစားလျှင် လျော်ရမည်"**ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို ကိုနိုင်(ချင်းတောင်)၏ **"တောင်တန်းပေါ်မှာ နေခြည်ဆန်းပြန်တော့ ငယ်ကျွမ်းကိုပဲလွမ်းလှတယ်"**ကလည်းကောင်း အသီးသီးရရှိကြသည်။

ဆုရရှိသူများအား မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး ဆုရရှိသူများသည် မြဝတီစာပေတိုက် ဖုန်း-၆၄၂၂၀၄၊ ၆၄၂၂၀၃ နှင့် ၆၄၁၃၁၈ တို့သို့ ကြိုတင်ဆက်သွယ်သတင်းပို့ကြရန်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။ (သတင်းစဉ်)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး နယ်မြေတာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ ညနေ ၃နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ယုဇနခန်းမ၌ ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံမှာကြားသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရပ်ကွက်စည်းရုံးရေးမှူးများက ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် စည်းရုံးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်အသင်း အတွင်းရေးမှူးများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး နယ်မြေတာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြို့နယ်အလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများသို့ ထောက်ပံ့ငွေများကို မြို့နယ်အသင်း အတွင်းရေးမှူးများထံ ပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ၂၀၀၈ ခုနှစ် မတ် ၁၇ ရက်တွင် ပြန်လည်ခန့်အပ်ခြင်းခံရသည့် မစ္စတာရန်ကျဲချီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော ဒါတိုဆီရီအူတမာ ဒေါက်တာရိုင်း(စ်) ယက်တင်(မ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အရှင်သဇ္ဇန(နတ်မောက်)၏ ဓမ္မသဘင်တရားစခန်းများ

ရန်ကုန် မတ် ၁၉

ဝိပဿနာတရားပြ နယ်လှည့်ဓမ္မကထိက ရွှေညာမြေ အရှင်သဇ္ဇန (နတ်မောက်)အရှင်သူမြတ်သည်မတ် ၂၆ရက်မှ ဧပြီ ၁ရက်အထိ ကော့မှူးမြို့နယ် အောက်ကျောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း တရားစခန်း၊ ဧပြီ ၁၂ရက်မှ ၁၈ ရက်အထိ မုတ္တမ ဓမ္မိကာရာမ ဘုန်းတော်ကြီးကျောင်း တရားစခန်းတို့တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြား ပြသမည်ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုပါလျှင် ဖုန်း–၀၉–၅၁၆၈၈၂၉သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

မောရွှေပြည်ကျောင်း (လိပ်ပြာကန်တိုက်) ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ပူဇော်မည်

ရန်ကုန် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၁၃၆၉ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းခြင်းခံရသော မူဆယ်၊ နမ့်ခမ်းမြို့နယ်များမှ ဆရာတော်များအား ဗဟန်းမြို့နယ် လိပ်ပြာကန်တိုက် မောရွှေပြည်ကျောင်း၌ မတ် ၂၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ပူဇော်ကန်တော့မည်ဖြစ်ပါသဖြင့် မူဆယ်၊ နမ့်ခမ်းမြို့နယ် အသင်းသူ၊ အသင်းသားများ အားလုံး ကြွရောက်ကြည်ညိုပူဇော်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

ပဲခူး တိုင်း အနောက်ပိုင်း ရွှေ တောင်မြို့နယ်တရုတ်မှော် တိုက်နယ် ပြည်သူ့ဆေးရုံ ဆေး ပဒေသာပင် အတွက် အလှူငွေ ကျပ် ခြောက်သိန်းနှင့် အထွေထွေ ဘက် စုံပြုပြင်ရန် အလှူငွေ ကျပ်လေးသိန်း စုစုပေါင်း ငွေကျပ် ၁၀သိန်းကို ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌက တိုက်နယ်ဆရာဝန် ဒေါက်တာ ဦးကျော်မင်းအုင်ထံ မတ် ၁၆ ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဘွဲ့ခံဆရာတော်ကြီးများအား ပူဇော်ပွဲ

ရန်ကုန် မတ် ၁၉

နိုင်ငံတော်ကဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်ရ ပအိုဝ်း ဆရာတော်ကြီးများအား ပူဇော်ပွဲကို မတ် ၂၁ ရက် နံနက် ၆ နာရီတွင် ပအိုဝ်းအမျိုးသားဓမ္မာရုံ အမှတ်(၃၈) ဗဟန်း (၁) လမ်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း–၃၈၀၈၉၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၁၉

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ကျွန်းထိပ်ကျေးရွာတွင် တပေါင်းလပြည့်ကျော် ၁ ရက်မှ ၇ ရက်အထိလည်းကောင်း၊ ရင်ပြင်နိုင်တိုက်နယ် ဝဲချောင်းရွာတွင် တပေါင်းလပြည့်ကျော် ၉ ရက်မှ ၁၅ ရက်အထိလည်းကောင်း မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲများကို ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲများတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဦးဝိသုဒ္ဓ (ဓမ္မာစရိယ)နတ်မောက် အရှင်သူမြတ်နှင့် ဓမ္မကထိက ဆရာကြီး ဦးသန့်ဇင် (အဖွဲ့ချုပ်)တို့က ဟောကြားကြမည်ဖြစ်သည်။ (က–ပ)

လယ်တီမူ အနာဂါမ် ဆရာသက်ကြီးတရားစခန်း

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အုတ်ဖိုစုရပ်ကွက် မြသိန်းတန် ဓမ္မရိပ်သာကျောင်းတွင် လယ်တီမူ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၂ ရက် နံနက် ၉ နာရီမှ ဧပြီ ၁၉ ရက် နံနက် ၆ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်၍ မည်သူမဆို ဝင်ရောက်တရားအားထုတ်နိုင်ပြီး စခန်းဝင်မည့်သူများ သည် ဧပြီ ၁၂ ရက် နံနက် ၈ နာရီ အရောက်လာရောက်ကြပါရန်နှင့် သိရှိလိုသည်များကို အထက်ပါကျောင်းတိုက် ဖုန်း–၆၁၀၈၇၉၊ ၆၁၀၇၁၃ နှင့် ၆၁၀၈၉၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း နှိုးဆော်ထားသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀–၃–၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"ကွက်လပ်ဖြစ်နေတဲ့စာတစ်မျက်နှာ"တရားတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတအရှင်သုစိတ္တ (နေနတ်သားဆရာတော်)
၇း၅၅–၁း၅၅	နိဗ္ဗာန်ဆီသို့…… အမေးအဖြေများ
၈း၁၅–၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀–၂း၂၀	ပြည်တွင်းအနုပညာရေးရာ
၈း၄၅–၂း၄၅	ပင်လယ်ဝကမ်းခြေ၊ ဘုရားတောင်ဘုရားနှင့် အေးငြိမ်းသာယာအစင်စံပြကျေးရွာ
၉း၁၀–၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀–၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅–၃း၂၅	သဒ္ဓါကြည်ဖြူ La Source Group အလှူ
၉း၄၅–၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀–၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅–၃း၅၅	ထူးမြတ်သာသနာ့သဲအင်းဝိပဿနာ
၁၀း၀၅–၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀–၄း၁၀	စားချင်စဖွယ်နည်းအသွယ်သွယ်(ခရမ်းချဉ်သီးယို)
၁၀း၂၅–၄း၂၅	ခိုင်ခံ့လှပလင်းလင်းသာပရိဘောဂ
၁၀း၄၅–၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅–၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀–၅း၀၀	ဂုန်လျှော်စိုက်ပျိုးရေးအတွက် အချိန်ကာလအလိုက် ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများ
၁၁း၁၀–၅း၁၀	မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ကာကွယ်ကယ်ဆယ်ရေးလုပ်ငန်းများ(စက်ရုံ၊အလုပ်ရုံ)
၁၁း၂၅–၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀–၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅–၅း၃၅	ကြည်ညိုဖွယ်အထူး ဘုရားဖောင်တော်ဦး
၁၁း၅၅–၅း၅၅	ဝတ်စားဆင်ယင်ပါတိတ်ဒီဇိုင်းထွင်
၁၂း၁၅–၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀–၆း၂၀	စိန်ရတုမှသည်–––––
၁၂း၃၅–၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀–၆း၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

* စာမျက်နှာ ၃ မှ

ထမ်းဆောင်နိုင်ကြမည့်ပဥ္စဝဂ္ဂီငါးပါးတို့နှင့်တကွ အရှင်သာရိပုတ္တရာ၊အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်ဥပါလိ စသော သာဝကတို့ကို ရဟန်းပြုပေးတော်မူလျက် သံဃအဖွဲ့အစည်းကြီးကိုလည်း ဖွဲ့စည်းတည်ထောင်တော်မူခဲ့ပါသည်ဘုရား။

ထိုသံဃအဖွဲ့အစည်းဝင် အရှင်မြတ်တို့သည် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို ဘုရားရှင်လက်ထက်တော်မှစ၍ လက်ဆင့်ကမ်းထမ်းဆောင်တော်မူလာခဲ့ကြရာ ယခုမျက်မှောက်ခေတ်တိုင်အောင် နှစ်ပေါင်း ၂၅၅၁ နှစ်သို့ ရောက်ခဲ့ပါပြီ ဘုရား။

ထိုနှစ်ပေါင်း ၂၅၅၁ နှစ်ဟူသော ခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ရသည့် ဗုဒ္ဓသာသနာတော်ကြီးသည်–

“ခေါက်ရာငှက်ပျံ၊ ခင်ပုတ်ပျံနှင့် ဘုတ်ပျံရှူးပျံ လောကဓံဟု ထုံးစံတရား ဤရှစ်ပါးကား ပိုင်းခြားလူမှာ မမြဲစွာတည့်”ဟူသော မန်လည်ဆရာတော်ဘုရားကြီး၏ လင်္ကာဆောင်ပုဒ်အတိုင်းပင် မြင့်ချည်တစ်ခါ၊ နိမ့်ချည်တစ်လှည့်ဖြင့် အလှည့်အပြောင်း အတက်အကျ ရှိခဲ့ပါသည်။ ဖြောင့်ဖြူးသာယာသည့် ခရီးချောကိုသာ လျှောက်လှမ်းခဲ့ရသည်မဟုတ်ဘဲ ဝိတဏ္ဍာဘေး ရှုပ်ထွေးထူပြောမချောမမွေ့သည့် ခရီးကြမ်းကြီးများကိုလည်း လျှောက်လှမ်းခဲ့ရပါသည်ဘုရား။

ဗုဒ္ဓသာသနာတော် စတင်ပေါ်ထွန်းခဲ့ရာဖြစ်သည့် အိန္ဒိယနိုင်ငံကြီးနှင့်တကွ ရှေးခေတ်က ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့သည့် မြန်မာ့အိမ်နီးချင်းနိုင်ငံများ၌ ဗုဒ္ဓသာသနာတော် ကွယ်ပျောက်၍ အခြားဘာသာ သာသနာများ ဝင်ရောက်လွှမ်းမိုးနေသည်ကို ထောက်ရှုပါက မည်မျှကြမ်းတမ်းလှသည့်ခရီးကို လျှောက်လှမ်းခဲ့ရကြောင်း သိသာထင်ရှားလှပါသည်ဘုရား။

တပည့်တော်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌လည်း သာသနာပြုမင်းကောင်းမင်းမြတ်များလက်ထက် သထုံခေတ်၊ပုဂံခေတ် စသော ခေတ်ဦးပိုင်းကာလ၌ ဗုဒ္ဓသာသနာတော် အုံ့မခန်းထွန်းတောက်ခဲ့သော်လည်း သာသနာတော် ကို လျစ်လျူရှုထားသော အချို့အချို့သော ဘုရင်များလက်ထက်၌ကား ဗုဒ္ဓသာသနာတော် လွန်စွာညှိုးမှိန်ခဲ့ရပါသည်။ ပွဲကျောင်းဂိုဏ်း သံဃာများ လက်ထက်၌ သာသနာပိုင်ကိုယ်တိုင်လက်ဖွေ့ထိုးသည်ကို ဘုရင်ကိုယ်တိုင် တက်ရောက်အားပေးခဲ့ကြောင်း သာသနာ့မှတ်တမ်းများ၌ တွေ့မြင်ဖတ်ရှုရသဖြင့် ဤမျှအထိပင် ဗုဒ္ဓသာသနာတော်ဆုတ်ယုတ်ခဲ့ရပါတကားဟု သံဝေဂဖြစ်မိပါသည် ဘုရား။

တပည့်တော်များ သိမီရာ နောက်ပိုင်းခေတ်၌ နယ်ချဲ့တို့၏လက်အောက်ကျရောက်ပြီး နှစ်ပေါင်းရာချီ၍ အုပ်စိုးခံခဲ့ရခြင်း၊ ကြောက်ခမန်းလိလိဖြစ်သော စစ်ဘေးစစ်ဒဏ်ကို အလူးအလဲခံခဲ့ရခြင်းစသော လောကဓံဆိုးများနှင့် ကြိမ်ဖန်များစွာ ရင်ဆိုင်ခဲ့ရသည့်အတွက် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ သာသနာ့စိတ်ဓာတ်ပျက်ပြားကာ ဝိနည်းသိက္ခာပုဒ်တော်များကို လေးလေးစားစား မကျင့်သုံးကြတော့ဘဲ မိစ္ဆာဇီဝအနေသနမှုတို့ကိုပြုလုပ်ခြင်း၊ လူပြိန်းကြိုက် အဓမ္မဝါဒများကို ဟောပြောကြလျက် သာသနာ့စင်ပြိုင် အဖွဲ့အစည်းများ တည်ထောင်ခြင်း စသော သာသနာ့အန္တရာယ်များ ပေါ်ပေါက်လာ၍ သာသနာတော်ညှိုးမှိန်ခဲ့ရပါသည်။ ရဟန်းတု၊ ရဟန်းယောင်များလည်း မြို့ရွာဒေသအနှံ့အပြား ပေါ်ပေါက်ခဲ့ကြပါသည်ဘုရား။

ဤသို့သော သာသနပစ္စတ္ထိက သာသနာ့အန္တရာယ်များကို ပယ်ရှားသုတ်သင်လျက် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် ရည်သန်တော်မူကြ၍ ပြည်နယ်၊တိုင်းအသီးသီး၊ ဂိုဏ်းအသီးသီးတို့မှ သာသနာ့ဦးသျှောင်ဆရာတော်ဘုရားကြီးများသည် နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုကို ရယူကြလျက် သံဃသမ္မုတိရ သံဃကိုယ်စားလှယ် ၁၂၁၈ ပါးတို့ တက်ရောက်ကြသည့် ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီး ကျင်းပကာ “သံဃအဖွဲ့အစည်းအခြေခံစည်းမျဉ်း” နှင့် “လုပ်ထုံးလုပ်နည်းများ” ကို အတည်ပြု ပြဋ္ဌာန်းတော်မူကြပြီးလျှင် ယင်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကွက်၊ကျေးရွာအဆင့်မှ နိုင်ငံတော်အဆင့်ထိ သံဃာ့ဝန်ဆောင်၊ သံဃ နာယက အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းလျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော သာသနာ့ကိစ္စတို့ကို ဆောင်ရွက်လာခဲ့ကြသည်ကို ဆရာတော်ဘုရားများ သိတော်မူကြပြီးဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

သံဃအဖွဲ့အစည်းကြီး အခိုင်အမာတည်တံ့ရေးအတွက် သံဃအဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည် အဓိကဖြစ်ပါသည်။ “ဝိနယော နာမဗုဒ္ဓ သာသနဿ အာယု” ဟူသော ဝိနယအဋ္ဌကထာနှင့်အညီ ဝိနည်းသည် မြတ်စွာဘုရားသာသနာတော်၏ အသက်ဖြစ်သကဲ့သို့ သံဃအဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည်လည်း သံဃအဖွဲ့အစည်းကြီး ကျစ်လျစ်ခိုင်မာစွာ တည်တံ့ရေးအတွက် အသက်သွေးကြောပင်ဖြစ်ပါသည်။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃအဖွဲ့အစည်း အခြေခံစည်းမျဉ်းသည် သာမညမည်ကာမတ္တ ရေးဆွဲပြဋ္ဌာန်းထားသော စည်းမျဉ်းမဟုတ်ပါ။ “သံဃအဖွဲ့အစည်း အခြေခံစည်းမျဉ်း”ကို နိုင်ငံတစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်အပေါင်းက ရွေးချယ်စေလွှတ်အပ်သော သံဃသမ္မုတိရ သံဃကိုယ်စားလှယ်ဆရာတော် ၁၂၁၈ ပါးတို့ တက်ရောက်သော ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီးက ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ် နယုန်လဆန်း ၁၃ ရက် ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်၊ မေလ ၂၅ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ “သံဃအဖွဲ့အစည်းအခြေခံစည်းမျဉ်း ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်”ကို သံဃကိုယ်စားလှယ် ဆရာတော် ၁၃၃၆ ပါး တက်ရောက်သည့် ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီးက ကောဇာသက္ကရာဇ် ၁၃၄၇ခုနှစ် နယုန်လဆန်း ၁၁ ရက် ခရစ်နှစ် ၁၉၈၅ခုနှစ် မေလ ၂၉ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

“သံဃအဖွဲ့အစည်းအခြေခံစည်းမျဉ်း ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်”ကို သံဃာ့ကိုယ်စားလှယ်ဆရာတော် တစ်ထောင့်ခုနစ်ရာကျော် တက်ရောက်သည့် စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီးက ကောဇာသက္ကရာဇ် ၁၃၅၆ခုနှစ်၊တပေါင်းလဆန်း ၁၁ရက်၊(ခရစ်နှစ် ၁၉၉၅ ခုနှစ် မတ်လ ၁၁ရက်နေ့)တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ သို့ဖြစ်၍ ယခုလက်ရှိ “ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃအဖွဲ့အစည်းအခြေခံစည်းမျဉ်း” သည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်တို့က သမ္မုတိပေး ရွေးချယ်စေလွှတ်အပ်သော သံဃသမ္မုတိရ သံဃကိုယ်စားလှယ်ဆရာတော်များ တက်ရောက်ကြသည့် ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီးက (၃)ကြိမ်တိုင်တိုင် အတည်ပြုပြဋ္ဌာန်းထားသော “သံဃအဖွဲ့အစည်း အခြေခံစည်းမျဉ်း”ဖြစ်ပါသည်။

ဤသံဃအဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည် ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီးကသော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကသော်လည်းကောင်း ပယ်ဖျက်ရုပ်သိမ်းမှုမပြုသေးသမျှကာလပတ်လုံး တည်မြဲနေမည်သာဖြစ်ပါသည်။ သံဃအဖွဲ့အစည်း အခြေခံစည်းမျဉ်းတည်မြဲနေသမျှကာလပတ်လုံး နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ကြီးမှစ၍ ရပ်/ကျေး သံဃနာယကအဖွဲ့အထိ သံဃအဖွဲ့အစည်းအဆင့်ဆင့်လည်း တည်မြဲနေမည်သာဖြစ်ပါသည်။ ထိုသံဃအဖွဲ့အစည်းအဆင့်ဆင့်တို့က လုပ်ထုံးလုပ်နည်းများ၌ ပြဋ္ဌာန်းထားသော မိမိတို့ဆိုင်ရာ သာသနာ့လုပ်ငန်း တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်နေကြပါက မြန်မာပြည်သာသနာတော်မြတ်ကြီးလည်း တည်တံ့ခိုင်မြဲနေမည်သာ ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဗုဒ္ဓရှင်တော်မြတ်က သာသနာတော်ကွယ်ပျောက်ရခြင်းအကြောင်းကို **“နခေါ ကဿပ ပထဝီဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န အာပေါဓာတု သဒ္ဓမ္မံအန္တရဓာပေတိ၊ န တေဇောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န ဝါယောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ အထ ခေါ ဣဓေဝ တေ ဥပ္ပဇ္ဇန္တိ မောဃပုရိသာ၊ ယေ ဣမံ သဒ္ဓမ္မံ အန္တရဓာပေန္တိ။ သေယျထာပိ ကဿပ နာဝါ အာဒိကေနေဝ ဩပိလဝတိ၊ န ခေါ ကဿပ ဧဝံ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ” ဟု ဟောတော်မူခဲ့ပါသည်ဘုရား။ ။** (သံ၊ ၁၊ ၄၂၃)

ထိုဒေသနာ၏ အဓိပ္ပာယ်အကျဉ်းချုပ်မှာ **“သာသနာတော်သည် ဓာတ်လေးပါးပျက်၍ ကွယ်ပျောက်ရသည်မဟုတ်၊ သာသနာတော်အတွင်းမှာဖြစ်ကြသည့် (သာသနာ့အတွင်းသား) မောဃပုရိသခေါ်ရဟန်းသာမဏေများကြောင့်သာ သာသနာတော်ကွယ်ပျောက်ရသည်၊ ဝန်တင်သောလှေသည် ဝန်ပြည့်ခြင်းကြောင့် နစ်မြုပ်ရသကဲ့သို့ ဤအတူ ပရိယတ် စသည်ပြည့်ခြင်းကြောင့် သာသနာတော်ကွယ်ပျောက်ရသည်မဟုတ်၊ သာသနာ့တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်ကြဘဲ သာသနာတော်ကြီးကွယ်ပျောက် နစ်မြုပ်သွားအောင် ဖိစီးနေကြသည့် မောဃပုရိသခေါ် သာသနာ့ဝန်စီးများကြောင့်သာ သာသနာတော်ကွယ်ပျောက်ရသည်”**ဟု ဟောတော်မူလိုရင်းဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ ဘုရား–

ဤဗုဒ္ဓရှင်တော်မြတ် မိန့်မှာတော်မူခဲ့သည့်အတိုင်းပင် ယခုအခါ သာသနာတော်ကို ကွယ်ပျောက်စေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများ ပေါ်ပေါက်နေသည်ကို ဆရာတော်အရှင်မြတ်တို့ ကြားသိတော်မူကြပြီးဖြစ်ပါလိမ့်မည်ဘုရား။ ထို့ကြောင့်–

“ငါ့ရှင်တို့ ...
ဓမ္မ၏ ဆန့်ကျင်ဘက်ဖြစ်သော အဓမ္မမထွန်းကားမီ၊
တရားစစ်တရားမှန်ဖြစ်သော ဓမ္မကို မတားမြစ်မပိတ်ပင်အပ်မီ
(တားမြစ်ပိတ်ပင်ခြင်းမခံရမီ)
ဝိနည်း၏ဆန့်ကျင်ဘက်ဖြစ်သော အဝိနယ မထွန်းကားမီ၊
သံဝရဝိနည်း၊ မဟာနဝိနည်းဟူသော ဝိနည်းစစ် ဝိနည်းမှန်ကို မတားမြစ်မပိတ်ပင်အပ်မီ
(တားမြစ်ပိတ်ပင်ခြင်းမခံရမီ)
အဓမ္မဝါဒီပုဂ္ဂိုလ်တို့ အင်အားမကောင်းမီ၊
ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အင်အားမနည်းမီ၊
အဝိနယဝါဒီပုဂ္ဂိုလ်တို့ အင်အားမကောင်းမီ၊
ဝိနယဝါဒီပုဂ္ဂိုလ်တို့ အင်အားမနည်းမီ၊
ငါတို့ ယခုနှစ်ကကြိုတင်၍ ဓမ္မဝိနယကို သံဂါယနာတင်ကြစို့”ဟူသော အရှင်မဟာကဿပ မဟာထေရ်မြတ်၏ တပ်လှန့်နှိုးဆော်တိုက်တွန်းတော်မူသည့် ဥယျောဇနကထာကို ဦးထိပ်မှာပန်ဆင်၍ သာသနာတော်မြတ်ကြီးကို ကွယ်ပျောက်ပျက်စီးစေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများ ယခုထက်ပို၍ အင်အားမကောင်းမီ သာသနာတော်ကို မိမိဥစ္စာအသွင် ချစ်ခင်မြတ်နိုးတော်မူကြသည့် သာသနမာမကထေရ်အရှင်တို့ ယခုထက်ပို၍ အင်အား မနည်းမီ ယခုကပင်ကြိုတင်၍ သာသနာ့ဘေးရန်အန္တရာယ်များကို ပယ်ရှားတားမြစ်တော်မူကြ၍ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားအောင် အားသွန်ခွန်စိုက်ဆောင်ရွက်တော်မူကြရန် အချိန်အခါကျရောက်နေပါပြီဘုရား။

ထို့ကြောင့် သံဃအဖွဲ့အစည်းအဆင့်ဆင့်၌ပါဝင်သော ဆရာတော်အားလုံးတို့သည် မိမိတို့ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ကျွမ်းကျင်အောင် လေ့လာကြစေရန်၊ စိတ်ပါဝင်စားစွာဖြင့် တက်တက်ကြွကြွဆောင်ရွက်ချင်လာကြစေရန် နာယကသင်တန်းများပေးခြင်း၊ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားစေလိုသောစိတ်ဓာတ်များ ဖြည့်တင်းပေးခြင်းဖြင့် သံဃအဖွဲ့အစည်းများ၏အရည်အချင်းကို မြှင့်တင်ပေးသင့်ပါသည်။ ထို့ပြင် ဝိနည်းဓိုရ်ဆရာတော်များ၏ လုပ်ထုံးလုပ်နည်းကျွမ်းကျင်မှုအားနည်းခြင်းကြောင့်လည်း ဝိနိစ္ဆယများ ချွတ်ယွင်းခြင်း၊ ပီပြင်မှုမရှိခြင်း စသည်များလည်း တွေ့ကြုံနေရပါသည်။ ဝိနိစ္ဆယများချွတ်ယွင်းမှု၊ မပီပြင်မှု စသည်တို့ကို အထူးဂရုစိုက်နေရသည့်အတွက်လည်း သံဃနာယကအဖွဲ့များမှာ အခြားအရေးကြီးသော သာသနာ့ကိစ္စများကို နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်မှုအားနည်းလာပါသည်။ သို့အတွက် ဝိနည်းဓိုရ်များအားလည်း ဝိနည်းဓိုရ်သင်တန်းများပေး၍ အရည်အချင်းမြှင့်တင်သင့်ပါသည်။ နိုင်ငံတော်မှစ၍ ရပ်/ကျေးအထိ သံဃအဖွဲ့အစည်းများ ကျစ်လျစ်ခိုင်မာစွာ တည်တံ့နိုင်အောင် “သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း” နှင့် “လုပ်ထုံးလုပ်နည်းများ”၌ပျော့ကွက်ဟာကွက်လိုအပ်ချက်များကို လေ့လာစိစစ်၍ ဖြည့်စွက်၊ ပြင်ဆင်၊ ဖြုတ်ပယ်သင့်သည်များကို ဖြည့်စွက်၊ ပြင်ဆင်၊ ဖြုတ်ပယ်လျက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ ယခုထက်ကျစ်လျစ်ခိုင်မာစွာ တည်တံ့နိုင်အောင်ပြုလုပ်သင့်ပါသည်။

ဤသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဦးဆောင်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကူအညီကိုရယူလျက် အထက်အဖွဲ့အစည်းများနှင့် အောက်အဖွဲ့အစည်းတို့ ညီညီညွတ်ညွတ်တိုင်ပင်ညှိနှိုင်းပြီးလျှင် မျက်ခြည်မပြတ် သတိချပ်လျက်တက်တက်ကြွကြွလက်တွဲ ဆောင်ရွက်ကြပါလျှင် သာသနာတော်ကို ကွယ်ပျောက်စေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများ တစ်စတစ်စ ကင်းကွယ်ပပျောက်သွားနိုင်ဖွယ်ရှိပါသည်။ လုံးဝကင်းကွယ်ပပျောက်မသွားစေကာမူ နည်းပါးသွားမည်မှာ ဧကန်ဖြစ်ပါသည်။ ထို့ကြောင့် ဤသာသနာ့အန္တရာယ် ကာကွယ်တားမြစ်ရေးကိစ္စကို သိမ်သိမ်မွေ့မွေ့ကိုင်တွယ်လျက် အလေးအနက်ထားကာ ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းလျက် တပည့်တော်၏ သမ္မောဒနီယသာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဘဒ္ဒန္တ ကုမာရ
ဥက္ကဋ္ဌ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။
၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။
၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မန္တလေးမြို့ ပြည်ကြီးပျော်ဘွယ် ဒေးဝန်းအနောက်ဒေါင်းဂျုံစက်ပိုင်ရှင် ဦးသက်တင်၊ ဒေါ်သန္တာအေးမိသားစုက ဦးသက်တင်၏ နှစ်(၅၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်းကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်ငါးသိန်းကို မလွန်ဈေး ဆန်လှူအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အမှုဆောင် လူကြီးများ ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀–၃–၂၀၀၈
(ကြာသပတေးနေ့)
၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း
၁၄ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ တန်ခိုးတော်အနန္တ ပြည့်ဝမွမ်းထုံ ရွှေစည်းခုံ
၇း၅၀ ၅။ **“စက်မှုတပ်ဆင်လုပ်ငန်းတွင်” (မင်းမော်ကွန်း၊ဇင်ဝိုင်း၊ မိုမိုမြင့်အောင်) (ဒါရိုက်တာ–ဝင်းထွန်းထွန်း)**
၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၀ ၉။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၅၀ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄း၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၅ ၅။ Local Talent
၅း၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (အင်္ဂလိပ်စာ)
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅ ၈။ လူကူးမျဉ်းကျားမှကူးမယ်
၅း၃၀ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅း၄၀ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆း၄၅ ၁၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (နာမည်ကျော်ကြား စစ်ကိုင်းမြို့မှ ကြိမ်ထည်လက်ရာများ)
၇း၀၀ ၁၅။ တေးဂီတအစီအစဉ်
၇း၁၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “လေဒီယာနှင့်ဆုံစည်းခြင်း” (အပိုင်း–၁၇)**
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဘဝဆက်တိုင်း” (အပိုင်း–၁၀)**
၂၁။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နွေဦးဆောင်း နှောင်းလတပေါင်း (အပိုင်း–၁)
၂၂။ အစီအစဉ်ပြီး၏။

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဟင်္သာတခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မတ် ၁၅ ရက်တွင် ဟင်္သာတမြို့ရှိ မဟိတာရမ်ကျောင်းတိုက်သို့ သွားရောက်၍ မဟာဒွါရသာသနာပိုင် ဆရာတော် ဘဒ္ဒန္တအိန္ဒြိယသဘအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆက်လက်၍ တလုတ္တော်ကျေးရွာ မဟာဝိဟာရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မဟာစည်သာသနာ့ရိပ်သာ ဓမ္မာရုံကြီး၌ တလုတ္တော် ကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံပြီး တင်ပြဆွေးနွေးမှုများအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အဖွဲ့သည် တလုတ္တော်ကျေးရွာရှိ အခြေခံပညာအထက်တန်း ကျောင်းခွဲ၊ ကျောင်းဆောင်များနှင့် တိုးချဲ့တည်ဆောက်နေသော စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုကာ လိုအပ်ချက်များ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မဟာစည်သာသနာ့ရိပ်သာဓမ္မာရုံကြီး၌ တလုတ္တော်ကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အမှာစကား ပြောကြားစဉ်။ (လယ်/ဆည်)

ကံ့ကော်တစ်ထောင် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၁၉

ဘိုကလေးမြို့နယ် ပေချောင်းကြီးကျေးရွာတွင် ၁၃၅၁ ခုနှစ်မှစတင်၍ ကံ့ကော်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသ ဦးစီးတည်ထားခဲ့သော ကံ့ကော်တစ်ထောင်၊ ရုပ်ပွားတော်တစ်ထောင်၊ တံခွန်တိုင် စေတီတစ်ထောင်၊ ပလ္လင်တော်တစ်ထောင် ၁၀၈ ပေ ကြီးလေးကြီး စေတီတော်မြတ်ကြီး**(အပေါ်ပုံ)**၏ ဗုဒ္ဓပူဇနီယပွဲတော်ကို (၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၅ ရက်မှ တပေါင်းလပြည့်ကျော် ၅ ရက်)အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ စတုဒိသာအလှူတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးဧည့်သည်များအား ကြွရောက်ကြည်ညိုကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

အာရှတံခွန်စိုက် ဘိလိယက်ပြိုင်ပွဲနှင့် U-21 စနူကာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် 7th Asian Billiards Championship And 9th Asian U-21 Snooker Championship ပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို မတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း အစည်းအဝေး ခန်းမ (၁)၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးမြင့်က 7th Asian Billiards Championship And 9th Asian U-21 Snooker Championship ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများက အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးကြကာ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

7th Asian Billiards Championship And 9th Asian U-21 Snooker Championship ပြိုင်ပွဲကို ဧပြီ ၅ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ရှိ ကန်တော်ကြီး ပဲလေ့(စ်)ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ၊ ပါကစ္စတန်၊ အိန္ဒိယ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီရတ်၊ ထိုင်း၊ မလေးရှား၊ ကာတာ၊ အီရန်၊ ဗီယက်နမ်၊ ဘာရိန်း၊ ယူအေအီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် သီရိလင်္ကာနိုင်ငံတို့ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်လုံးချမ်းသာ ရုပ်ရှင်တော်မြတ် ဗုဒ္ဓပူဇနီယပွဲ

ရန်ကုန် မတ် ၁၉

ပဲခူးတိုင်း သာယာဝတီမြို့နယ် ဂုံမင်းမြောင်ကျေးရွာ ဘုရားကြီးကျောင်းတိုက်အတွင်းရှိ ပြည်လုံးချမ်းသာ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးနှင့် အဘယသုခစေတီတော်မြတ်ကြီး၏ ထီးတော်တင်လှူပွဲကို (တပေါင်းလပြည့်ကျော် ၂ ရက်မှ ၆ ရက်) မတ် ၂၃ ရက်မှ ၂၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် အဘယသုခစေတီတော်မြတ်ကြီးတို့၏ ဘက်စုံမွမ်းမံရေးအတွက် လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၀၅၅-၃၀၆၃၄ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Construction Site Safety သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (MES)နှင့် အထပ်မြင့် အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ (CQHP) တို့ ပူးပေါင်းဖွင့်လှစ်သည့် Construction Site Safety သင်တန်းကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တက္ကသိုလ်များ လှိုင်နယ်မြေ၌ မတ် ၂၄ ရက်နှင့် ၂၅ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် Construction Site Safety Basic, General Equipment Safety, Tower Crane and Lifting Devices Safety, Personal Protection Equipment, Electrical Safety ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ပြီး စီမံကိန်းမှ Site Manager များ၊ Site Engineerများ၊ အုပ်ချုပ်ရေးဆိုင်ရာနှင့် ပတ်သက်သူများ တက်ရောက်နိုင်ကြောင်း သိရသည်။

သင်တန်းတက်ရောက်သူများအား CQHP မှ ထုတ်ဝေမည့် Guideline on Construction Safety နှင့် Guideline on General technical Safety Requirements များ ထုတ်ပေးမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက CQHP ဖုန်း-၂၄၅၆၇၀နှင့် MES ဖုန်း-၀၁-၅၁၉၆၇၃-၆ သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အာဆီယံနိုင်ငံများအတွင်း ဂရင်းမာစတာ စစ်တုရင်ပြိုင်ပွဲများလှည့်လည်ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ ဖြစ်ကြသော ဂရင်းမာစတာ ဇော်ဝင်းလေး (လယ်/ဆည်) ဦးဆောင်၍ ဝင်းဇော်ထွန်း (လယ်/ဆည်)၊ နေဦးကျော်ထွန်း (ပြည်ထဲရေး)၊ အောင်မျိုးလှိုင် (ပြည်ထဲရေး)၊ ကျော်လင်းနိုင်(သစ်တောရေးရာ)နှင့် ကျော်ကျော်စိုးတို့အား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် အောင်ဆန်းကွင်း၌ တွေ့ရစဉ်။ (ကြေးမုံ)

ဝါခင်းကုန်းဝိဇယာရာမရာကျော်ကျောင်း ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝိဇယကံထပ်နှင့် မွေးနေ့မင်္ဂလာ ကျင်းပ

မန္တလေး မတ် ၁၉

မန္တလေး ချမ်းအေးသာစံမြို့နယ် ဝါခင်းကုန်း ဝိဇယာရာမရာကျော်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိဇယ၏ ခုနစ်ကြိမ်မြောက် ကံထပ်မင်္ဂလာ၊ သက်တော်(၇၈)နှစ် မွေးနေ့ အလှူတော်မင်္ဂလာ အခမ်းအနားကို မတ် ၁၆ ရက် နံနက် ၆ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ဝါခင်းကုန်း ကျောက်စေတီကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိယအမှူးပြု ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရာကျော်ကျောင်း ပဓာန နာယက ဆရာတော်ကြီး၏ တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက် ကြည်ညိုကြ၍ သိမ်ဆင်းတွင် သင်္ကန်းအစရှိသည့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူဆက်ကပ်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ရာကျော်ကျောင်း ဆရာတော်ကြီးနှင့် တပည့်များက ပင့်သံဃာတော် ဆရာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(၄၆၉)

သင့်သွေးဖြင့် အသက်ကယ်ပါ

လပွတ္တာမြို့နယ် လှိုင်းဘုန်းရွာ ဓမ္မစေတီဖောင်ဒေးရှင်းအဖွဲ့က ဓမ္မစေတီ ရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေကျပ် ၁၃ သိန်းနှင့် ဓမ္မစေတီ ကမ္ဘာ့အကြီးဆုံး ကြေးစည်တော်အတွက် ကြေးပစ္စည်းပိဿာ ၅၀ ပေးအပ်လှူဒါန်းရာ ဓမ္မစေတီဖောင်ဒေးရှင်း ဦးဆောင်ဆရာတော် မင်းကွန်း ဓမ္မစေတီ ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရက ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ကြေးမုံ The Mirror ထူးထူးခြားခြား ကမ္ဘာ့ဘောလုံးသတင်း မှတ်တမ်းများ

အရှည်ကြာဆုံး၊ ဂိုးအများဆုံးဘောလုံးပွဲ

ဘောလုံးပွဲတစ်ပွဲ၏ သာမန်ကစားချိန်မှာ မိနစ် ၉၀ ဖြစ်သည်။ သရေကျ၍ အချိန်ပိုကစားရလျှင် နောက်ထပ် မိနစ် ၃၀ ဖြစ်ပြီး အရှုံးအနိုင်မပေါ်လျှင် ပယ်နယ်တီအဆုံးအဖြတ် ကန်ကြရသည်။ ထို့ကြောင့် ဘောလုံးပွဲတစ်ပွဲ၏ ကစားချိန်မှာ လွန်ရောကျွန်ရော မိနစ် ၁၂၀ ကျော်ကျော်သာရှိမည်ဖြစ်သည်။ သို့ရာတွင် ဆွစ်ဇာလန်နိုင်ငံ၌ ၂၀၀၆ ခုနှစ် ဇူလိုင်လကပြုလုပ်ခဲ့သော အက်ဖ်စီအီဒိုစင်မီဘောလုံးအသင်းနှင့် အက်ဖ်စီစပိစ် အာလင်ဘက်ချ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲသည် ပွဲကစားချိန် နာရီ ၃၀ နှင့် ၁၀ မိနစ်ကြာညောင်းခဲ့သည်ဟုဆိုသည်။

အဆိုပါ ဘောလုံးပွဲကို ၂၀၀၆ ခုနှစ် ဇူလိုင် ၈ ရက် မွန်းတည့် အချိန်မှ စတင်ယှဉ်ပြိုင်ကစားခဲ့ရာ နောက်တစ်နေ့ ဇူလိုင် ၉ ရက် ညနေ ၆နာရီ ၁၀ မိနစ်တွင် ပြီးစီးခဲ့ပြီး အက်ဖ်စီအီဒိုစင်မီအသင်း **(အပေါ်ပုံ)** က ၂၄၃ ဂိုး-၂၁၀ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်းဖြင့် မှတ်တမ်း၌ဖော်ပြခဲ့သည်။

ဂိုးအများဆုံးသွင်းသူ ဂိုးသမား

ဂိုးသမားတစ်ဦး၏တာဝန်မှာ တစ်ဖက်အသင်းမှ ဘောလုံးသမားများ ကန်သွင်းသည့် ဘောလုံးကို ဂိုးမဝင်အောင် ကာကွယ်တားဆီးရန်ဖြစ်သည်။ တစ်ခါတစ်ရံ မိမိအသင်းရှုံးနေပါက ပွဲပြီးဆုံးခါနီး ဂိုးသမားပါ ရှေ့သို့တက်၍ ဂိုးသွင်းရန်ကြိုးပမ်းကြသည်ကိုသာ မြင်တွေ့ရလေ့ရှိသည်။

သို့သော် ဂိုးသမားက ဂိုးသွင်းယူသည်မှာ ရှိတော့ရှိသည်၊ သို့သော် အလွန်ရှားသည်ဟု ဆိုရမည်သာဖြစ်သည်။

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုကလပ်အသင်းမှ ဂိုးသမား ရိုဂျာရီယိုဆီနီ **(ပုံတွင်ဂိုးသွင်းနေသူ)**ဆိုသူသည် ၁၉၉၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း တစ်ဖက်ဂိုးတွင်းသို့ ဂိုးအရေအတွက် (၆၆) ဂိုး သွင်းကာ ဂိုးအများဆုံးသွင်းသူ ဂိုးသမားအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။

ဘောလုံးမြေမကျအောင် ခြေဖြင့် အကြာဆုံးထိန်းနိုင်သူ

ဘရာဇီးနိုင်ငံမှ မာတင်ဟိုအီဒူအာဒိုဆိုသူသည် ၂၀၀၃ ခုနှစ် ဩဂုတ် ၂ ရက်နှင့် ၃ ရက်တို့က ဘောလုံးကို ခြေထောက်၊ ခြေဖျားနှင့် ခေါင်းတို့ဖြင့် မြေမကျအောင် အချိန်ကြာရှည်စွာထိန်းခဲ့ရာ စုစုပေါင်း ၁၉ နာရီ မိနစ် ၃၀ ကြာ စံချိန်တင်နိုင်ခဲ့သည်။

ဘောလုံးကိုမြေမကျအောင် ခေါင်းဖြင့်အချိန်အကြာဆုံးထိန်းနိုင်သူ

ထို့အတူ ဆွီဒင်နိုင်ငံမှ တိုမတ်စ်လန့်မင်းဆိုသူသည် ဆွီဒင်နိုင်ငံတွင် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်က ဘောလုံးကို ခေါင်းဖြင့် မြေမကျအောင် ၈ နာရီ ၃၂ မိနစ်နှင့် ၃ စက္ကန့်ကြာ ထိန်းပြီး စံချိန်တင်ခဲ့သည်။

မန္တလေးမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၉

မန္တလေးမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကြီး၊ ဆရာမကြီးတို့အား (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၉ရက်(စနေနေ့) နံနက် ၉နာရီတွင် အနောက်ကျုံးထိပ်ရှိ ဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ကိုယ်တိုင်ကြွရောက်ကန်တော့ခံပါရန်နှင့် ကျောင်းသား၊ ကျောင်းသူများအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ လှိုင်းနှုန်းအသစ်ဖြင့် ပြောင်းလဲထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် MRTV-4 နှင့်ဆက်စပ် ရုပ်သံလိုင်းများအား ရန်ကုန်မြို့အပါအဝင် မြို့ကြီးများ၌ DVB-T စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိရာ အဆိုပါရုပ်သံလိုင်းများကို ပိုမိုကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ထပ်ဆင့်လွှင့်စက်ရုံများသို့ ပေးပို့နေသော မူလလှိုင်းနှုန်း (3569 MHz)မှ ယခုလှိုင်းနှုန်း (3617 MHz)သို့ ပြောင်းလဲခြင်းကို မတ် ၂၀ရက်မှ ၂၄ရက်အထိ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နေစဉ်အတွင်း မိမိတို့ကြည့်ရှုနေသော MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို ပုံမှန်ဖမ်းယူကြည့်ရှု၍ မရရှိပါက လိုင်းရှာဖွေပုံအဆင့်ဆင့်ဖြင့် ပြန်လည်ရှာဖွေဖမ်းယူ ကြည့်ရှုနိုင်ကြောင်း၊ အခက်အခဲတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာအရောင်းဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အထက(၂)လမ်းမတော်အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၉

အထက(၂) လမ်းမတော် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၃ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဆိပ်ကမ်းမြို့နယ် ဝါးတန်းလမ်းရှိ U Can ရေပေါ်ဟိုတယ်၌ကျင်းပမည်ဖြစ်သည်။

အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် အဝေးရောက်ဆရာကြီး၊ ဆရာမကြီးများအားလုံး အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အလှူငွေနှင့် ပစ္စည်းများပါဝင်လှူဒါန်းလိုသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အထက(၂) လမ်းမတော်ကျောင်းရှိ အလှူငွေလက်ခံရေးအဖွဲ့ထံသို့ မတ် ၂၂ရက်နောက်ဆုံးထားပြီး မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအတွင်း လာရောက်လှူဒါန်းနိုင်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၃-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇း၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇း၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈း၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈း၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈း၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၂၀** ၃။ အမျိုးသားရေးတေးကဗျာ
- **၄း၃၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄း၄၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄း၅၀** ၆။ အမျိုးသားရေးတေးကဗျာ
- **၅း၂၀** ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
- **၅း၃၀** ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- **၅း၄၅** ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၆း၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆း၂၀** ၁၂။ **ကာတွန်းအစီအစဉ် ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၃၂)**
- **၆း၃၅** ၁၃။ အမျိုးသားရေးတေးကဗျာ
- **၆း၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇း၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပုံရိပ်ပမာ" (အပိုင်း-၈၃)**
- **၈း၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သွေးသစ္စာအား" (အပိုင်း-၃)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ယာဉ်နှစ်စီးတိုက်ရာမှ ယာဉ်မောင်းနှစ်ဦးသေဆုံး

ရန်ကုန် မတ် ၁၉

မတ် ၁၆ ရက် နံနက် ၁၀ နာရီခွဲခန့်က ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းရှိ အင်ဒိုနီးရှားသံရုံးရှေ့၌ ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားရာမှ ယာဉ်မောင်းသူနှစ်ဦးစလုံး သေဆုံးသွားရသည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ အောက်ကြည့်မြင်တိုင် လမ်းအတိုင်း ကြည့်မြင်တိုင်ဘက်မှ လမ်းမတော်ဘက်သို့ ယာဉ်မောင်း ကိုဖြိုးဝင်းမောင် အသက်(၁၉)နှစ် (ဘ) ဦးအေးမောင် အေးရိပ်မွန်လမ်း (၄)ရပ်ကွက် လှိုင်မြို့နယ် မောင်းနှင်လာသော ယာဉ်အမှတ် ၉က/၅၅၈၀ ပါဂျဲရိုးငွေမင်ရောင်နှင့် လမ်းမတော်ဘက်မှ ကြည့်မြင်တိုင်ဘက်သို့ ယာဉ်မောင်း ဦးမောင်အုန်း (ခ) ဦးအုန်းတင် (၄)လမ်း (၁)ရပ်ကွက် လမ်းမတော်မြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် ၂က/ ၂၈၁၇ စူဇူကီး ပစ်ကတ်အဖြူရောင်တို့ တိုက်မိသည်။ ယင်းသို့တိုက်မှုကြောင့် ပါဂျဲရိုးကားမှာ ပလက်ဖောင်းပေါ်သို့ ညာဘက်ခြမ်း စောင်းတင်ပြီး ယာဉ်မောင်းသူ ကိုဖြိုးဝင်းမောင်မှာ ညာဘက်ခြမ်း ဦးခေါင်းကွဲ၍ သေဆုံးသွားသည်။ စူဇူကီး ပစ်ကတ်အဖြူမှာ ဘယ်ဘက်ကားခေါင်းခြမ်းကြေမွပြီး ယာဉ်မောင်းသူ ဦးမောင်အုန်းမှာ ဘယ်ဘက်ဦးခေါင်း ဒဏ်ရာရရှိခဲ့၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် ပို့ဆောင်ခဲ့ရာမှ မွန်းလွဲ ၁ နာရီခန့်တွင် သေဆုံးသွားသည်။ အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်အား ယာဉ်ထိန်းရုံးမှ ယာဉ်မှုစစ်ဒုရဲအုပ် ကျော်လွင် ဦးစီး၍ ပ-၁၇၁ ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်ထားပြီး သေဆုံးသူ ဦးမောင်အုန်း (ခ) ဦးအုန်းတင်အား (PR)အမှတ် ၀၀၃ ဖြင့်လည်းကောင်း၊ သေဆုံးသူ ကိုဖြိုးဝင်းမောင်အား (PR) အမှတ် ၀၀၄ဖြင့်လည်းကောင်း အရေးယူ ဆောင်ရွက်ထားကြောင်း သိရှိရသည်။ (ကြေးမုံ)

မှုခင်းသတင်း



သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ရက်ပြောင်းလဲ

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း (MCPA) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်း (MCIA)တို့ ပူးပေါင်းစီစဉ်သော မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ ၂၀၀၈ (Myanmar ICT Exhibition 2008)ကို မူလကျင်းပမည့် မတ် ၂၁ ရက်အစား မတ် ၂၃ ရက်မှ ၂၅ ရက်အထိ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

အဆိုပါ နည်းပညာပြပွဲတွင် ပြည်တွင်းကုမ္ပဏီနှင့်လုပ်ငန်း ၉၀ တို့မှ နိုင်ငံတကာ အသိအမှတ်ပြု အမှတ်တံဆိပ် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Networking ဆိုင်ရာ နည်းပညာအသစ်အဆန်းများ၊ Software Solution များ၊ ကွန်ပျူတာဆိုင်ရာ သင်တန်းများ၊ စာအုပ်စာတမ်းများကို ပြသထားမည်ဖြစ်ပြီး ပြပွဲကာလအတွင်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှော်ကားဥယျာဉ် တပေါင်းလပြည့်နေ့ အချိန်တိုးမြှင့်ဖွင့်မည်

ရန်ကုန် မတ် ၁၉

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ် ပုံမှန် နံနက် ၈နာရီ မှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်သော်လည်း မတ် ၂၁ ရက် (တပေါင်းလပြည့်နေ့) တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ အချိန်တိုးမြှင့် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာဆုတောင်းလွှာ

(၂၀-၃-၁၉၇၇-၂၀-၃-၂၀၀၈)

ချစ်သော ဖေဖေနှင့် မေမေတို့၏ (၂၀-၃-၂၀၀၈)နေ့တွင် ကျရောက်သော (၃၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုများတိုင်အောင် ချစ်သောသားသမီးများနှင့် အတူ ကျန်းမာပျော်ရွှင်၊ အောင်မြင်စွာဖြင့် သာသနာအကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်---

ချစ်သော သားသမီးများ-

သားကြီး ကိုနောင်နှင့် ဇနီး **သမီးငယ် မီးမီး**

နိုင်ငံတော်ဘွဲ့တံဆိပ်တော်(၁၀) ဘွဲ့ရ

မင်းကွန်းဓမ္မစေတီဆရာတော်

ဘဒ္ဒန္တ ဝိနယာလင်္ကာရ

ဟောကြားတော်မူသော

မိဘဝုဏ်ရည် တရားတော်

TAPE ,VCD

ထွက်ပြီ

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ သံဃာတော်အရှင်မြတ်လေးပါးတို့အား ဂုဏ်ပူဇော်မင်္ဂလာသဘင်ကျင်းပပွဲ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ အရ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့နှစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တစ်ပါး ပေါင်းလေးပါးတို့အား ခရမ်းမြို့နယ်အသင်း(ရန်ကုန်)က (၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်)၂၂-၃-၂၀၀၈(စနေနေ့)နံနက် ၉နာရီတွင် တိပိဋက ဓမ္မရက္ခိတဗိမာန် အမှတ် (၁၅) ကြားတောရလမ်း ဗဟန်းမြို့နယ်တွင် ကျင်းပပူဇော်ပါမည်။ အသင်းသူ အသင်းသားများ၊ အလှူရှင်များ ကြွရောက်လှူဒါန်းပူဇော်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)

၂၈. ၃. ၀၈ မှ ၁. ၄. ၀၈

သင်္ကြန်အကြို ဗိုလ်ချုပ်ဈေး ဈေးပွဲတော်ကြီး

ဗိုလ်ချုပ်ဈေး ရန်ကုန်မြို့

ပြခန်း/ဆိုင်ခန်း ဖွင့်လှစ်ရောင်းချလိုသူများ ဆက်သွယ်ရန် SMART BUSINESS GROUP Ph; 01-66 37 39, 09 50 14706, 09 500 3618, 01-650 584, 651 711

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ၏ တရားပွဲများ

ရန်ကုန် မတ် ၁၉

ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် မတ် ၁၉ ရက်နှင့် ၂၁ ရက်ညများတွင် ဒေနုဖြူမြို့ ကျိုက္ကလွန်ဗွန်း စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် စူဠဘွဲ့နှင်းသဘင် သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ အထိမ်းအမှတ်အဖြစ် တရားပွဲများ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

တန့်ဆည်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၉

တန့်ဆည်မြို့နယ် အသင်း (ရန်ကုန်)၏ (၄၆)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပူဇော်ပွဲ၊ သက်ကြီးမိဘဂါရဝပြုပွဲနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ၊ ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၃ရက် (တနင်္ဂနွေနေ့)တွင် ဗဟန်း (၃)လမ်းရှိ အသင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ၊ အသင်းဝင်မဟုတ်သူ နယ်သူ၊ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ၏ စာရင်း (အမှတ်စာရင်းမိတ္တူ)နှင့် တကွ (၇၅)နှစ်အထက် သက်ကြီးမိဘများ စာရင်းကို မတ် ၂၂ ရက်ထက် နောက်မကျစေဘဲ အသင်းတိုက်၊ ဒု-ဥက္ကဋ္ဌ ဖုန်း- ၆၄၀၂၂၃နှင့် တွဲဖက်အတွင်းရေးမှူး ဖုန်း - ၅၇၂၈၃၇သို့ ဆက်သွယ်စာရင်း ပေးပို့ကြရန် နှိုးဆော်ထားကြောင်းသိရှိရသည်။ (က-ပ)

ကိုးဘွဲ့ရကျောင်းတိုက် ဓမ္မသဘင်

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၂) ရပ်ကွက် ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက် စတင်တည်ထောင်ဖွင့်လှစ်ခြင်း အမှတ်တရနှင့် တည်ဆောက် ပြီးစီးသမျှ သာသနိက အဆောက်အအုံများ အားလုံး စုပေါင်း ရေစက်ချပွဲ ဓမ္မသဘင်၌ မတ် ၂၀ရက်တွင် ဓမ္မဘေရီအရှင်ဝီရိယ (တောင်စွန်း)၊ ၂၁ရက်တွင် အေးမြချမ်းသာ ဆရာတော် အရှင်သီရိဓမ္မ(B.A ဓမ္မကထိက ဗဟုဇနဟိတရေ)၊ ၂၂ရက်တွင် အရှင်အဂ္ဂါစာရ (ဓမ္မာစရိယ၊ ဝိနယဝိဒူ)၊ ၂၃ရက်တွင်အောင်စကြာအရှင်စန္ဒသူရိယ (မဟာဓမ္မကထိက ဗဟုဇနဟိတရေ)၊ ၂၄ရက်တွင် စစ်ကိုင်း ခင်မကန်ဆရာတော် အရှင်ခေမိန္ဒ၊ ၂၅ရက်တွင် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ (ထေရဝါဒ တက္ကသိုလ်နှင့် သီတဂူတက္ကသိုလ် ပါမောက္ခချုပ်)၊ ၂၆ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ(ဓမ္မကထိက ဗဟုဇနဟိတရေ)၊ ၂၇ရက်တွင် ကိုးဘွဲ့ရဆရာတော် အရှင် အာစာရာလင်္ကာရ၊ ၂၈ရက်တွင် ပါဠိကာရီဆရာတော် အရှင် အင်္ဂီသအရှင်မြတ်တို့က ညစဉ် ၇နာရီမှစ၍ တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဝင်ငွေကောင်းသော၊ ပုံမှန်ဝင်ငွေကောင်းသော

- သင့်အား လုပ်ငန်းရှင်ကြီးအဖြစ်သို့ (သို့မဟုတ်) တိုးချဲ့စီးပွားရေးလုပ်ငန်းအသစ်တစ်ခုဖြင့် Group of Companies လုပ်ငန်းရှင်ကြီးအဖြစ်သို့ ...
- အခြေကျပြီး တည်ငြိမ်သော ၊ လက်ရှိအောင်မြင်စွာ လုပ်ကိုင်နေသော၊ အဆင်သင့်ဆက်လက် လုပ်ကိုင်နိုင်သော **(ထုတ်လုပ်ဖြန့်ချိရေး) လုပ်ငန်းကြီးတစ်ခု** ... ရောင်းမည်။

ဆက်သွယ်ရန်

ဖုန်း - ၀၉-၅၀၄၁၁၂၀

အချိန်- နံနက် ၁၀း၀၀ နာရီ- မွန်းလွဲ ၂း၀၀ နာရီ

နေ့ရက်- ယခုကြော်ငြာပါသော နေ့နှင့် နောက်ထပ်(၃)ရက်အတွင်း။

ဆယ်ကျော်သက်ရွယ်ဘဝအောင်မြင်ရေးနည်းပညာများ

ဆယ်ကျော်သက်သားသမီးများ၏ဘဝနောင်ရေးကိုစိုးရိမ်နေသောမိဘများအတွက်

မိမိတို့သားသမီးများလိမ္မာရေးခြားရှိရန်နှင့်ဘဝအောင်မြင်ရန် "စနစ်ကောင်း-အကျင့်ကောင်းများ" ကို ကမ္ဘာအနှံ့လက်ခံကျင့်သုံးနေသော

Seven Habits of Highly Effective Teens နည်းစနစ်ကိုအခြေခံ၍ပို့ချမည်

စိတ်ဝင်စားသောမိဘများနှင့်ကျောင်းသားများ

သင်တန်းရည်ရွယ်ချက်နှင့်သင်ရိုးအကြောင်းသိရန် ဆွေးနွေးပွဲ တက်နိုင်သည်

၂၃. ၃. ၂၀၀၈ (နံနက် ၁၀း၁၀ အထိ မှ မွန်းတည့် ၁၂း၀၀ အထိ)

အပတ်စဉ် (၁) တစ်လသင်တန်း ၁. ၄. ၂၀၀၈ စမည်

MIEC Educare Centre

12-01, Olympic Tower, BoAungKyaw St

256 602 392 617

စိန်ဌေးလှိုင် မော်တော်ယာဉ်အသင်းမှ အဆင့်မြင့် လေအိတ်ယာဉ်များ ခေါ်ယူခြင်း

(၁၉၈၈)ခုနှစ်မှစတင်၍ ဒေဝူးဟွန်ဒိုင်းယာဉ်များဖြင့် ပြေးဆွဲလျက်ရှိသော စိန်ဌေးလှိုင် (ရန်ကုန်-မြင်းခြံ) ယာဉ်လိုင်းတွင် ယခုအခါ အဆင့်မြင့်လေအိတ်ယာဉ်များဖြင့် ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ပါသည်။ အသွား-အပြန် တစ်ခေါက်လျှင် စက်သုံးဆီ(၅၂)ဂါလန် ရရှိမည်ဖြစ်ပါသဖြင့် ပြေးဆွဲလိုသော ယာဉ်ပိုင်ရှင်များ အမြန်ဆက်သွယ်ကြပါရန်။

ဦးကျော်လွင်၊ ၀၆၆-၂၁၃၀၃

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

အမှတ်(၅၁၉) တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဥယျာဉ်လမ်းသွယ် **"ခိုင်သစ္စာ"**ကုမ္ပဏီမှ **"ဒေါ်စိန်ထွေး"** သည် နိုင်ငံတော်မှချီးမြှင့်သော **"သုဓမ္မသီဂိဘွဲ့"** ကို ထိုက်ထိုက်တန်တန်ရရှိပါသဖြင့် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

ဒေါ်နန်းရွှယ်

ဒေါ်ဌေးဌေး

မခိုင်

မအားရှင်

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသော ကျောင်းသား/ကျောင်းသူများအတွက်

TECH သင်တန်းကျောင်း၏ **နွေရာသီအထူးအစီအစဉ်**

10% Discounts

- အင်ဂျင်နီယာ ဒီပလိုမာ (City & Guilds (UK) Engg: Diploma) သင်တန်းများ Mechatronic, Mech, EC, EP, Civil . . .

25% Discounts

- အင်္ဂလိပ်စာ (English Language) သင်တန်းများ . . .
- လက်တွေ့အသုံးချ အင်ဂျင်နီယာ (Vocational Engineering) သင်တန်းများ . . .
- ကွန်ပျူတာ (Computer Application) သင်တန်းများ . . .
- စာရင်းကိုင် (LCCI, ACCA, CAT, MYOB) သင်တန်းများ . . .

Promotion ကာလ 30.3.08 နေ့ အထိသာ

အမှတ် (၃၀)၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊ လှည်းတန်းမီးပွိုင့်အနီး၊ Ph-705702,539531,4413097

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

သတင်းစာများကို ကဏ္ဍစုံ၊ ထောင့်စုံ၊ သတင်းစုံ၊ အသွင်အပြင်စုံလင်စွာဖြင့် ပြောင်းလဲထုတ်ဝေလျက်ရှိ အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းတွင်ပါ တိုးတက်ကောင်းမွန်သဖြင့် ပြည်သူများ လက်ခံအားပေးမှုပိုမိုရရှိ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

အမှာစကား ပြောကြား

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအား ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ စာတည်းမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ယနေ့ထုတ်ဝေလျက်ရှိသည့် သတင်းစာများကို ကဏ္ဍစုံ၊ ထောင့်စုံ၊ သတင်းစုံ၊ အသွင်အပြင်စုံလင်စွာဖြင့် ပြောင်းလဲထုတ်ဝေလျက်ရှိရာ အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းတွင်ပါ တိုးတက်ကောင်းမွန်လာသဖြင့် ပြည်သူများ၏ လက်ခံအားပေးမှု ပိုမိုရရှိလာကြောင်း၊ ယင်းကဲ့သို့ အောင်မြင်အောင် ဆောင်ရွက်နိုင်မှုမှာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ ဝန်ထမ်းများအားလုံး၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို အသိအမှတ်ပြုပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ လုပ်ငန်းများ ပိုမိုအောင်မြင်စေရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

ယနေ့ သတင်းအညွှန်း

အီရတ်စစ်ပွဲနှင့်စပ်လျဉ်း၍ ဗြိတိန်ဝန်ကြီးချုပ်ဖိအားပေးခံရ၊ နေတိုးတပ်ဖွဲ့ လေကြောင်းမှတိုက်၍ အာဖဂန်၌ ၅၀ သေဆုံး

⇨ စာမျက်နှာ-၄၊၅

ထူးထူးခြားခြား ကမ္ဘာ့ဘောလုံးသတင်း မှတ်တမ်းများနှင့် မှုခင်းသတင်း

⇨ စာမျက်နှာ-၁၁

မီးသုံးစွဲလျှင် အသိယှဉ်

အစဉ်သတိ အမြဲရှိ

မြို့ရွာတစ်ခွင် သာစေချင်

မီးတွင်မပေါ့နှင့်

ထူးခြားသည့် နေ့အပူချိန်များ

၁၉-၃-၂၀၀၈

မင်းဘူး	➡	၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ဒီဂရီဖာရင်ဟိုက်)
မကွေး	➡	၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ဒီဂရီဖာရင်ဟိုက်)
ချောက်	➡	၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ဒီဂရီဖာရင်ဟိုက်)
သာယာဝတီ	➡	၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ဒီဂရီဖာရင်ဟိုက်)
ဟသ်ာတ	➡	၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ဒီဂရီဖာရင်ဟိုက်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။